မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၃၀ ရက်၊ သောကြာနေ့၊ အတွဲ (၅၅)၊ အမှတ် (၂၇၀)

မေတ္တာတန်ပိုးနှင့် မေတ္တာတန်ခိုးများ (အမှတ်စဉ်-၂)
မေတ္တာသည် ရန်ကင်းငြိမ်း

အကြင်သူသည်၊ သတ္တဝါအားလုံးတို့၏
မေတ္တာစိတ်အဖို့ အစုရှိသည်ဖြစ်၍
တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း
မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း
မသတ်ဖြတ်စေ။
မိမိကိုယ်တိုင်လည်း အနိုင်မယူ၊
သူတစ်ပါးတို့ကိုလည်း
အနိုင်မကျင့်စေ။
ထိုမေတ္တာပွားသူအား တစ်စုံတစ်ယောက်မျှ
အတွင်းရန် အပြင်ရန်ဟူ၍ မရှိနိုင်။

အင်္ဂုတ္တိုရ်အဋ္ဌကဝင် မေတ္တာသုတ်
(သာသနာရေး)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်	စီးပွားရေးဦးတည်ချက် (၄) ရပ်	လူမှုရေးဦးတည်ချက် (၄) ရပ်
* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေး တက်ရောက်ခဲ့ကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဇွန် ၂၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ တပ်မတော်အရာရှိကြီးများနှင့်အတူ ယနေ့ညနေ ၄ နာရီတွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေး တက်ရောက်ရာမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်သည်။ **(ယာပုံ)**

ပြန်လည်လိုက်ပါလာ

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်

စာမျက်နှာ ၉ ကော်လံ ၅ ●

မြန်မာ့အလင်း

သတင်း ဆောင်းပါး အညွှန်း



ဈေးပြိုင်စနစ်ဖြင့် ရောင်းချရာ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမဆောင်ကြီးအတွင်း ကျောက်မျက် ကျောက်စိမ်းတွဲတစ်တွဲကို အချိန်ကြာမြင့်စွာ ဈေးနှုန်းအပြိုင်အဆိုင်ပေး ဝယ်ယူနေကြသည်မှာ ပြည်ပကျောက်မျက်ကုန်သည်များ၏ မြန်မာ့ကျောက်မျက်များအား မည်မျှအလေးထား တန်ဖိုးကြီးမားစွာပေးနေကြောင်း ထင်ရှားသည့် လက်တွေ့သာဓကဖြစ်၏။

မောင်မောင်မြင့်ဆွေ၏ သတင်းဆောင်းပါး (စာ-၆)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်)

စာပေစွမ်းအားဖြင့် ပြည်သူကိုအလုပ်အကျွေးပြု

စာပေမြင့်မှ လူမျိုးတင့်မည်ဟူသော ဆိုစကားရှိသည်။ စာပေနှင့်ယဉ်ကျေးမှုသည် သက်ဆိုင်ရာနိုင်ငံနှင့်လူမျိုးတို့၏ အဆင့်အတန်းကို ဖော်ညွှန်းပြသနေသည်။

ခေတ်အဆက်ဆက်တွင် မြန်မာစာပေအမွေအနှစ်များကို စာပေပညာရှင်များက ဆက်ခံထိန်းသိမ်းပြုစုစောင့်ရှောက်ရင်း မြန်မာစာပေထွန်းကားပြန့်ပွားရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ မျက်မှောက်ခေတ် စာပေပညာရှင်များကလည်း မြန်မာစာပေရှင်သန်ထွန်းကားရေး ဆက်လက်ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

စာပေရေးသားမှုသည် မှတ်တမ်းတင်ခြင်း၊ သတင်းပေးခြင်း၊ ဖွဲ့ဆိုခြင်း၊ စည်းရုံးခြင်းတို့နှင့်အတူ မော်ကွန်းထိုးခြင်းအထိ ကျယ်ပြန့်သည့်အပြင် အခြားဆက်သွယ်မှု အနုပညာများနှင့်လည်း ဆက်စပ်ပေါင်းယှက်သွားနိုင်သည်။

စာပေ၏ပင်ကိုသဘော၌ ထက်မြက်မှုပါရသည်။ စာပေထက်မြက်သော ခေတ်အခါများ၌ နိုင်ငံတိုးတက်မှု ထိပ်ဆုံးသို့ရောက်သည်ကို မြန်မာ့သမိုင်း၌ တွေ့နိုင်သည်။ ခေတ်ကာလနှင့် စာပေသည် အပြန်အလှန်အမှီသဟဲပြုလျက်ရှိသည်။

စာပေသည် ထူးချွန်ထက်မြက် ယဉ်ကျေးလိမ္မာသော လူတော်လူကောင်းများဖြစ်စေရန် အသိအလိမ္မာနီတိများ၊ သူ့ကျွန်မခံစေရန် မျိုးရိုးဇာတိမာန် ဖော်ထုတ်မှုများ၊ လွတ်လပ်ရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံ ကြိုးပမ်းအားထုတ် လိုစိတ်များ၊ ခေတ်မီနည်းပညာ ဗဟုသုတများ တိုးပွားရရှိဖြစ်ထွန်းစေရန် ဦးဆောင်ပေးသည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်၌ ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများ ဖြစ်ထွန်းပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ထူထောင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ဖော်ဆောင်နေချိန်တွင် ပြည်တွင်းပြည်ပ အဖျက်သမားများက မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် နိုင်ငံတကာတွင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကျဆင်းစေရန် မဟုတ်မမှန် လုပ်ကြံဖန်တီးမှုများနှင့် အကြမ်းဖက် အဖျက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

စာပေပညာရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ တည်ငြိမ်အေးချမ်းသာယာမှုများ၊ ပြည်တွင်းပြည်ပ အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများ၏ လုပ်ရပ်များကို ကမ္ဘာ့ပြည်သူများက အမှန်အတိုင်းသိရှိစေရန် တုံ့ပြန်ချေဖျက် ရေးသားသွားကြရမည်ဖြစ်သည်။

စာပေသည် အမျိုးသားရေးစိတ်ဓာတ် တည်ဆောက်ရာ၌ စွမ်းအားရှိသည်။ မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် အမျိုးသားရေးလှုပ်ရှားမှုတွင် စာပေပညာရှင်များ ရှေ့တန်းကပါဝင်ခဲ့ကြသည်။

မျက်မှောက်ခေတ် စာပေပညာရှင်များအနေဖြင့် စေတနာအမှန်၊ အမြင်မှန်၊ လမ်းမှန်ဖြင့် အမျိုးသားရေးကို မျက်ခြည်မပြတ်စေဘဲ စာပေစွမ်းအားဖြင့် ပြည်သူကို အလုပ်အကျွေးပြုသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးဆရာလေး အပါးငါးထောင်အား သီလရှင်ဝတ်စုံနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၉

မန္တလေးတိုင်း မိုးကုတ်မြို့နေ ဖခင် ဦးအောင်သိန်းနှင့် မိခင် ဒေါ်လုံးတင်တို့အား အမှူးထား၍ ဦးတူးမောင်–ဒေါ်ထားထားအေးမိသားစုနှင့် ဒေါက်တာကျော်ခိုင်–ဒေါ်စိန်ထွေး မိသားစုတို့က သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး၊ ဆရာလေး အပါးငါးထောင်တို့အား ဝတ်စုံများ ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက်၉နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ဗဟိုလမ်းရှိ ချမ်းမြေ့ဂုဏ်ဝေသီလရှင်စာသင်တိုက်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များ အမှူးပြုသော ပင့်သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင် ဆရာကြီး ဆရာလေးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ်ဦးအုံ့မောင်၊ သာသနာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ ထံမှ ဥဒ္ဒေသ့ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွား ချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ချမ်းမြေ့ဂုဏ်ဝေ သီလရှင်စာသင်တိုက် ဦးစီးပဓာန နာယက သီလရှင်ဆရာကြီး ဒေါ်ဆေကဝတီက သီလရှင်ဝတ်စုံများ အလှူခံရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အလှူရှင်မိသားစုများက သီလရှင်ဝတ်စုံ ငါးထောင်ကို ပေးအပ်လှူဒါန်းရာ ချမ်းမြေ့ဂုဏ်ဝေ သီလရှင်စာသင်တိုက် ဦးစီးပဓာန နာယက ဒေါ်ဆေကဝတီက အလှူခံသည်။ **(အပေါ်ပုံ)**

ရေစက်သွန်းချအမျှဝေ

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ပဲခူးတိုင်း ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလ ဇောတိထံမှ အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အလှူရှင်များက သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး ဆရာလေးများအား သီလရှင် ဝတ်စုံများနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းတို့ကို ဆက်ကပ် လှူဒါန်းကြပြီး အလှူရှင် ဦးသန်းဆက်ဝင်း–ဒေါ်စိန်အေး မိသားစုက ဆရာတော် သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ဖြူးမဟာစည်သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇွန် ၂၉

ပဲခူးတိုင်း ဖြူးမြို့ ပင်စင်လမ်း မဟာစည်သာသနာ့ရိပ်သာ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းသုံးလ မဟာစည်ဝိပဿနာ တရားစခန်းကို ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိက ဗဟုဇနဟိတဓရ) ဟောကြားပြသမည်ဖြစ်သည်။ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၀ရက်တွင်လည်းကောင်း၊ ဖြူးဆရာတော်၏ ၄၆ဝါမြောက် ကုသိုလ်တော်ပွဲ၌ မြို့လုံးကျွတ်သံဃာ့ဒါန ဆွမ်းလောင်းလှူခြင်းနှင့် စာရေးတံမဲများ ဆက်ကပ် လှူဒါန်းပွဲကို ဇူလိုင်၁၇ရက် နံနက်၅နာရီတွင်လည်းကောင်း၊ ဝါတွင်းသုံးလ တရားစခန်းဖွင့်ပွဲကို ဇူလိုင်၁၇ရက် ည၇နာရီတွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

မိဘကျေးဇူးဆပ် တရားပွဲ ဓမ္မသဘင်ကို ဇူလိုင် ၁၆ရက် ဓမ္မဒူတ ဆရာတော် ဘဒ္ဒန္တဆေကိန္ဒ (ဓမ္မကထိက ဗဟုဇနဟိတဓရ)၊ ဇူလိုင်၁၇ရက် ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိက ဗဟုဇနဟိတဓရ)၊ ဇူလိုင်၁၈ရက် မဇ္ဈိမဂုဏ်ရည် ဆရာတော် ဒေါက်တာအရှင်ကောဝိဒ (ဓမ္မကထိက ဗဟုဇနဟိတဓရ) ဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည် ဖြစ်သည်။ ဝါဆိုသင်္ကန်းနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ရေ၊ မီး ဝေယျာဝစ္စ လှူဖွယ်များကို ဖြူးမြို့ မဟာစည်ရိပ်သာ ဖုန်း–၀၅၄–၄၀၀၁၂သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြဝတီရုပ်မြင်သံကြား

၃၀–၆–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၃။	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆:၄၀	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း–၅၆)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	FIFA WORLD CUP 2006 Quarter Finals ပွဲစဉ် Germany Vs Argentia (Live)

၁–၇–၂၀၀၆ ရက်နေ့ နံနက်

၀၁:၃၀	၁။	FIFA WORLD CUP 2006 Quarter Finals ပွဲစဉ် Italy Vs Ukraine (Live)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀–၆–၂၀၀၆ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	ကမ္ဘာ့ဖလားနှင့်သူတို့အမြင်
၇:၁၀	တေးဂီတအစီအစဉ်
၇:၁၅	ကရာတေးဒိုအားကစား
၇:၃၅	တေးဂီတအစီအစဉ်
၇:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၇:၄၅	ကလေးတို့အတွက်လက်ဆောင် (ပုံပြင်)
၇:၅၅	တေးဂီတအစီအစဉ်
၈:၀၀	အသည်းရောင်အသားဝါ 'စီ' ရောဂါပိုးကိုကုသနိုင်သော နည်းလမ်းများ အပိုင်း(၁)
၈:၂၀	ပြည်တွင်းသတင်းအကျဉ်း
၈:၃၀	ကုသိုလ်ပါရမီခိုင်မြဲဖို့ ကြေးပိဋကတ်လှူဒါန်းစို့
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	သူတို့ပြောတဲ့သူတို့အကြောင်း (Lazy Club)(စိုးနိုင်ထွန်း၊ ကိုနိုင်ဇော်၊ဂျင်ပီ၊မရခိုင်၊ ဉက္ကာဦးသာ)
၉:၃၅	မိုးလေဝသခန့်မှန်းချက်
၉:၄၀	စက်မောင်းဆီအစားထိုးနိုင်ဖို့ ပရိဂျူဆာဂက်စ်ကိုသုံးကြစို့
၁၀:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀	Myanmar Video Rhythm
၁၁:၀၀	သံချည်သံကွေးအတတ်ပညာ အပိုင်း(၁)
၁၁:၀၅	တေးဂီတအစီအစဉ်
၁၁:၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၀	လေလှိုင်းတိတ်ဆိတ်ခြင်းကို ဖြိုခွင်းဂီတညနေခင်း(အပိုင်း–၂)
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ သုံးကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

၂၀၀၆ ခုနှစ် ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

မြန်မာအမျိုးသမီးများ မြန်မာလိုလှစေချင်

မိုးရွှေခင်ဦး

နိုင်ငံတစ်နိုင်ငံ၏ နှလုံးသည်းပွတ်သည် ယဉ်ကျေးမှုပင်ဖြစ်သည်။ မိမိတို့စောင့်ရှောက်အပ်သည့်ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ကွယ်ပျောက်သွားခဲ့လျှင် လူမျိုးပါတိမ်ကော ပျောက်ကွယ်သွားဖွယ်ရာ ရှိပါသည်။

ထို့ကြောင့် နှလုံးသည်းပွတ်နှင့်တူသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ရမည့် တာဝန်သည် နိုင်ငံသားတိုင်း၏ မွေးရာပါ တာဝန်ဖြစ်သည်ဟု ခံယူထားကြရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ရှေးဘိုးစဉ်ဘောင်ဆက်ကတည်းက မြတ်နိုးထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

အချို့သော တိမ်မြုပ်ပျောက်ကွယ်လုနီးပါး ဖြစ်နေသည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များမှာ သမိုင်းသုတေသီများ၏ ကြီးမားသည့် ကြိုးစားအားထုတ်မှုတို့ကြောင့် သမိုင်းအထောက်အထားများနှင့်တကွ ရှာဖွေ ဖော်ထုတ်လာနိုင်ခဲ့သည်မှာလည်း မျက်မြင်အထင်အရှားပင် ဖြစ်ပါသည်။

မြတ်နိုးထိန်းသိမ်းစောင့်ရှောက်အပ်သည့် ရိုးရာယဉ်ကျေးမှုများအနက် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

မြန်မာအမျိုးသမီးတို့၏ ဝတ်စားဆင်ယင် ထုံးဖွဲ့မှုများသည် သမိုင်းစဉ်တစ်လျှောက်လုံး မည့်မျှထိ ခမ်းနားထည်ဝါကျက်သရေဖြာခဲ့သည် ဆိုသည်များကို ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများ၏ ယဉ်ကျေးသိမ်မွေ့ခံ့ညားစွာ ဝတ်စားဆင်ယင်ထုံးဖွဲ့ရစ်နှောင် ကျက်သရေဆောင်ခဲ့ပုံများက သာဓက ပြလျက်ရှိပါသည်။

ထို့ပြင် မြန်မာအမျိုးသမီးများသည် နယ်ချဲ့လက်အောက်ကျရောက်ခဲ့ရသည့် နှစ်ပေါင်းတစ်ရာကျော်အတွင်းမှာလည်း ကိုလိုနီနယ်ချဲ့တို့၏ အနောက်တိုင်းယဉ်ကျေးမှု ဓာတ်သွင်းခြင်းကို လက်မခံဘဲ ဝံသာနုရက္ခိတတရားနှင့်အညီ အမျိုးဂုဏ်၊ဇာတိဂုဏ်နှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်ရအောင် ကြံ့ကြံ့ခိုင်စောင့်ထိန်းကာကွယ်နိုင်ခဲ့ကြသည်ကို မျက်မြင်အထင်အရှား တွေ့ရှိရပါသည်။

သို့သော်လည်း ခေတ်ကာလနှင့် ပတ်ဝန်းကျင် အခြေအနေများ တဖြည်းဖြည်း ပြောင်းလဲလာခဲ့သည်နှင့်အမျှ လူတို့၏ ပြောဆို၊ နေထိုင်၊ လုပ်ကိုင်ကြံစည်၊ တွေးခေါ်၊ ယူဆမှုနှင့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများသည်လည်း ပြောင်းလဲလာခဲ့ပါသည်။

အချိန်ကာလနှင့် ပတ်ဝန်းကျင်အခြေအနေကြောင့် ပြုပြင်ပြောင်းလဲမည်ဆိုပါကလည်း မြန်မာ့ဟန်၊ မြန်မာ့စရိုက်နှင့် မဆန့်ကျင်ရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်း မခံရစေရေးအတွက် အမြဲမပြတ် သတိချပ်လျက် ရှိသင့်ပါသည်။

အဆင့်အတန်း မြင့်မားသည့် နိုင်ငံတိုင်းမှာ အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိန်းသိမ်းစောင့်ရှောက်လျက် ရှိပါသည်။ ယင်းအမွေအနှစ်များကို ဖော်ထုတ်ပြီး ပြောင်းလဲနေသည့် ခေတ်ရေစီးကြောင်းနှင့်အညီ ထိန်းသိမ်းသင့်သည်များကို ထိန်းသိမ်းလျက် စွန့်ပယ်သင့်သည်များကို စွန့်ပယ်ကြရမည် ဖြစ်ပါသည်။

ရိုးရာကို မြတ်နိုးထိန်းသိမ်းစောင့်ရှောက်ရမည် ဆိုသော်လည်း ရှေးဟန်အတိုင်း တစ်သဝေမတိမ်း လိုက်နာဝတ်ဆင်ကြရမည်ဟု ဆိုလိုခြင်းမဟုတ်ပါ။

သို့ရာတွင် မြန်မာတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုဆိုင်ရာ ယဉ်ကျေးမှုသည် ဆေးပြယ်သည့် ပန်းချီကားချပ်ပမာ တဖြည်းဖြည်း မှေးမှိန်စပြုနေသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်နေရပါသည်။ ထို့ကြောင့် အရိုးကို အရွက်မဖုံးစေနှင့်ဆိုသကဲ့သို့ မူလဇာစ်မြစ်ဖြစ်သည့် အမျိုးသားယဉ်ကျေးမှုကို လျှပ်ပေါ်လော်လီ အဆန်းအပြားယဉ်ကျေးမှုတို့၏ ဝါးမျိုခြင်းမခံရစေရန် ဟိရိဩတ္တပ္ပတရားနှင့်အညီ ဝတ်စားဆင်ယင်ခြင်းဖြင့် ကာကွယ်ထိန်းသိမ်းသင့်ပေသည်။ ထို့ကြောင့်ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများ၏ သိက္ခာရှိရှိ ဆင်ယင်ထုံးဖွဲ့ခဲ့ကြပုံကို ကမ္ဘာက သိရှိစေရန်နှင့် မိမိတို့မျိုးဆက်သစ် လူငယ်များ သဘောပေါက် ဂုဏ်ယူနိုင်စေရန်၊ တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအထောက်အထားများကို ခေတ်လူငယ်မြန်မာအမျိုးသမီးများ စိတ်ပါဝင်စားစေရန်၊ ဂုဏ်ယူထိုက်သော မြန်မာအမျိုးသမီးများ၏ ခေတ်အဆက်ဆက်တွင် ထည်ဝါခံ့ညားစွာ ဝတ်စားဆင်ယင်ထုံးဖွဲ့ရစ်နှောင် ကျက်သရေဆောင် ခဲ့ပုံများကို ဂုဏ်ယူသဘောပေါက်စေရန် စသည့်ကောင်းမြတ်သည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့၏ စီစဉ်မှုဖြင့် ၂၀၀၅ ခုနှစ် ဇူလိုင်လ ၃ရက်နေ့ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ခေတ်အဆက်ဆက်ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ၂၀၀၅ ခုနှစ် ဇူလိုင်လ ၂ရက်နေ့က အမျိုးသားဇာတ်ရုံတွင် ဂုဏ်ပြုတင်ဆက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ခေတ်ရေစီးကြောင်း မည်သို့ပင်ပြောင်းခဲ့ပါစေ၊ မပြောင်းလဲသည့် ဝတ်စားဆင်ယင်မှုတစ်ခုမှာ ယနေ့ထက်တိုင် ရှိနေပါသေးသည်။ ၎င်းမှာ အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည်စုပ်ထိုး၊ ဤသုံးမျိုးချက်မပိုင်လျှင် နောင်ပြင်ရန်ခက်သည့်အမျိုး ဆိုရိုးစကားအတိုင်း တစ်သက်မှာ တစ်ခါတစ်မင်္ဂလာဆိုသည့်အတိုင်း မိမိတို့မင်္ဂလာပွဲ၌ ဝတ်ဆင်လေ့ရှိသည့် မြန်မာအမျိုးသမီး သတို့သမီးဝတ်စုံပင် ဖြစ်ပါသည်။

ယခုကဲ့သို့ ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ စာတစ်စောင်၊ ပေတစ်ဖွဲ့ ဖွဲ့အပ်သည့် မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက်ကပင် တင့်တယ်စွာ ဆင်ယင်ထုံးဖွဲ့လာခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာအမျိုးသမီးများသည် နှစ်ပေါင်းထောင်ချီပြီး အစွန့်ရှည်တည်တံ့လာခဲ့သည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက် နိုင်ငံတော်နှင့် လူမျိုးအကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်ရာ၌ လည်းကောင်း၊ မြန်မာ့လူ့ဘောင် ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းရာ၌ လည်းကောင်း၊ နောင်တစ်ခေတ်၏ မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးရာ၌ လည်းကောင်းသမိုင်းပေးတာဝန်အရပ်ရပ်ကို ကျေပွန်စွာထမ်းဆောင်ရာ၌လည်းကောင်း၊ ကျရာအခန်းကဏ္ဍအသီးသီးမှနေ၍ ဂုဏ်ရောင်ထွန်းပြောင်အောင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ပေးနိုင်ခဲ့ရုံသာမက ယနေ့ထက်တိုင်လည်း ပါဝင်ဆောင်ရွက်ပေးလျက်ရှိနေသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါသည်။

ဤသို့ လေးစားဂုဏ်ယူဖွယ်ရာများနှင့် ပြည့်စုံသည့် ထူးချွန်ထက်မြက်သော မြန်မာအမျိုးသမီးများသည် ရိုးရာဓလေ့အရ ယဉ်ကျေးသိမ်မွေ့ကြသကဲ့သို့ မိမိတို့အမျိုးအနွယ်နှင့် အမျိုးသားယဉ်ကျေးမှုကို စောင့်ရှောက် ထိန်းသိမ်းမြှင့်တင်ကြရာ၌လည်း စံနမူနာယူဖွယ်ဖြစ်ပါသည်။

ထို့အတူ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဘာသာစကားများနှင့် မရှိအတူ၊ ရှိအတူ၊ အေးအတူ၊ ပူအမျှ အတူတကွ ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့ကြသည်မှာ ရှေးနှစ်ပရိစ္ဆေဒ ကြာမြင့်စွာကတည်းကပင် ဖြစ်ပါသည်။

မြန်မာဟူသမျှဂုဏ်ယူကြလော့

* မြန်မာ့သမိုင်းမှာ၊ အမြဲပါသည့်
မြန်မာအမျိုးသမီး၊ အင်အားကြီးတစ်ရပ်
မှတ်ကျောက်တင်ခံ၊ ဇာတိမာန်နှင့်
ကိုယ်ခံစွမ်းအား၊ ကျောက်သားကျောက်စိုင်
ကြံ့ခိုင်ကျစ်လျစ်၊ အင်အားဖြစ်သူ
မြန်မာဟူသမျှ၊ ဂုဏ်ယူကြလော့......။

* ပုခက်လွှဲသောလက်၊ အမျိုးအတွက်ဆို
မပျက်မကွက်၊ ရှေ့တန်းထွက်သူ
မြန်မာဟူသမျှ၊ ဂုဏ်ယူကြလော့......။

* မြန်မာမိန်းကလေး၊ မြန်မာ့သွေးမို့
ယဉ်ကျေးသိမ်မွေ့၊ ဓလေ့မပျက်
ခေတ်အဆက်ဆက်မှာ၊ စောင့်ထိန်းလာသည့်
သိက္ခာပွန်းပဲ့၊ မခံခဲ့သူ
မြန်မာဟူသမျှ၊ ဂုဏ်ယူကြလော့......။

* မြန်မာ့မျိုးရိုး၊ အညွန့်မကျိုးအောင်
အမျိုးစောင့်တရား၊ ထိပါးမခံသူ
မြန်မာဟူသမျှ၊ ဂုဏ်ယူကြလော့......။

* မြန်မာဟူသည်၊ ပထဝီအနေအထား
အာရှသားမို့၊ မွေးဖွားချက်ကြွေ
ဇာတိမြေမှာ၊ ပဝေသဏီရှေး
နှစ်–သန်းလေးဆယ်၊ ခံ့ထယ်(ထည်)ဂုဏ်ဆောင်
ပုံတောင်ကျောက်ဖြစ်၊ ရုပ်ကြွင်းစစ်မှ
ပျူခေတ်လူသား၊ မြန်မာများသည်
ရှည်လျားနှစ်ပေါင်း၊ သမိုင်းကြောင်းအရ
ဖြောင်းဖြောင်းရိုက်ခတ်၊ ဂုဏ်ဒြပ်ကို
မတ်မတ်ခိုင်ခိုင်၊ နိုင်ငံချစ်သူ
မြန်မာဟူသမျှ၊ ဂုဏ်ယူကြလော့......။ ။

(ဇူလိုင်လ ၃ ရက်နေ့တွင်ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်–)

ဟသ်ာတမြင့်ငွေ

မြေမျိုလို့ လူမျိုးမပျောက်၊ လူမျိုမှ လူမျိုးပျောက်မည် ဆိုရိုးစကားအတိုင်း မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို တိုင်းတစ်ပါးသား ယဉ်ကျေးမှုများလွှမ်းမိုးခြင်း မခံရလေအောင် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ကြရမည့်တာဝန်သည် မြန်မာအမျိုးသမီးများအပါအဝင် နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်ဖြစ်ပါသည်။

ခေတ်မီခြင်းနှင့် ခေတ်ဆန်ခြင်းသည် မတူပါ။ ခေတ်နှင့်အညီ ရိုးရိုးနှင့် ယဉ်ယဉ် ဝတ်စားဆင်ယင်ခြင်းဖြင့် မြန်မာအမျိုးသမီးတိုင်း မြန်မာလိုလှစေချင်ကြောင်း ရေးသားရင်း မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလိုက်ရပါသည်။ ။

မြေမျိုလို့ လူမျိုးမပျောက်၊ လူမျိုမှ လူမျိုးပျောက်မည် ဆိုရိုးစကားအတိုင်း မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို တိုင်းတစ်ပါးသား ယဉ်ကျေးမှုများ လွှမ်းမိုးခြင်း မခံရလေအောင် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ကြရမည့် တာဝန်သည် မြန်မာအမျိုးသမီးများ အပါအဝင် နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်ဖြစ်။

၂၀၀၆ခုနှစ် ဇူလိုင်လ (၃) ရက်
မြန်မာအမျိုးသမီးများနေ့

မြန်မာ့လူ့ဘောင် ဖွံ့ ဖြိုးအောင်
စွမ်းဆောင်ကြစို့ မြန်မာအမျိုးသမီးတို့

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ပြတိုက်တစ်ခုတွင် ပြသထားသော တရုတ်အာကာသအစီအစဉ်တွင် အသုံးပြုခဲ့သည့် ဒုံးပျံပုံစံတူများကို ဇွန်၂၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံလေယာဉ်တင်သွင်းမှု အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော်ဖိုးရှိ

ပေကျင်း ဇွန် ၂၉

တရုတ်နိုင်ငံ၏လေယာဉ်တင်သွင်းမှုသည် ပထမငါးလတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၃ ဘီလီယံဖိုး အထိရှိခဲ့သဖြင့် နှစ်အလိုက် ၁၃၇ ဒသမ ၉ ရာခိုင်နှုန်း မြင့်မားတိုးတက်ခဲ့ကြောင်း အကောက်ခွန်အထွေထွေစီမံ အုပ်ချုပ်ရေးဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံသည် ပထမငါးလအတွင်း လေယာဉ် ၁၃၅ စင်းတင်သွင်းခဲ့သဖြင့် နှစ်အလိုက် ၇၈ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သတင်းများတွင်ဖော်ပြပါရှိသည်။

ရာခိုင်နှုန်းမြင့်တက်

နိုင်ငံ၏လေကြောင်း သယ်ယူပို့ဆောင်ရေးလိုအပ်ချက်မှာ အလျင်အမြန်တိုးတက်ကြီးထွားခဲ့ရာ လေယာဉ်စီးခရီးသည်များနှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုတန်ဖိုးသည်လည်း လွန်ခဲ့သည့်ဆယ်စုနှစ်စုအတွင်း နှစ်စဉ်ပျမ်းမျှ ၁၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ကိန်းဂဏန်းများအရ သိရသည်။

ဖော်ပြ

တရုတ်နိုင်ငံ၏ လေယာဉ်စီးခရီးသည် အရေအတွက်သည် ၂၀၀၅ ခုနှစ်တွင် ၂၈၄ သန်းအထိရှိခဲ့သဖြင့် ၂၀၀၄ ခုနှစ်ကထက် ၁၇ ဒသမ ၅ ရာခိုင်နှုန်းပိုမိုများပြားခဲ့သည့်နည်းတူ ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေးမှာလည်း ၂၀၀၅ ခုနှစ်တွင် တန်ပေါင်း ၆ ဒသမ ၃၃ သန်းရှိခဲ့သဖြင့် ၂၀၀၄ ခုနှစ် ကထက် ၁၄ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း စာရင်းဇယားများတွင် ဖော်ပြပါရှိသည်။

မျှော်လင့်

တရုတ်နိုင်ငံသည် ယခုနှစ်ကုန်တွင် လေယာဉ် ၁၃၀၀ ရှိလာမည်ဖြစ်သောကြောင့်လေကြောင်းခရီးဖြင့် ခရီးသွားလာမှု တွင်ကျယ်မည်ဟုမျှော်လင့်ထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အမေရိကန်နိုင်ငံသားနှစ်ဦး အင်ဒိုနီးရှားး၌ ဖမ်းဆီးထား

ဂျကာတာ ဇွန် ၂၉

အင်ဒိုနီးရှားနိုင်ငံ ပါပူရာပြည်နယ်တွင်ဒေသတွင်းလူမျိုးစုများ၏ အစည်းအဝေးတက်ရောက်နေစဉ်တွင် အမေရိကန်နိုင်ငံသားနှစ်ဦးအား လူဝင်မှုကြီးကြပ်ရေးဥပဒေကို ချိုးဖောက်ခြင်းကြောင့် အင်ဒိုနီးရှား အာဏာပိုင်များက ဖမ်းဆီးခဲ့ကြောင်း ဇွန် ၂၇ရက် သတင်းစာတွင် ဖော်ပြထားသည်။

ဖမ်းဆီး

၎င်းတို့၏ဗီဇာများကို အလွဲသုံးစားပြုခဲ့သည်ဟု သံသယဖြင့် တနင်္ဂနွေနေ့က ဖမ်းဆီးခဲ့သော သူများမှာ အသက် ၄၄နှစ်ရှိ ဘရီအန်ဂျိုးဆက်ကိန်းနှင့်အသက် ၂၁နှစ်ရှိ ကက်စီကယ်လာဘောက်တို့ဖြစ်သည်။

လွှဲပြောင်းပေး

ပါပူရာ ရဲတပ်ဖွဲ့သည် နောက်ထပ်စစ်ဆေးမှုများပြုလုပ်ရန်အတွက် ၎င်းတို့ကို ပြည်နယ်လူဝင်မှုကြီးကြပ်ရေးရုံးသို့ လွှဲပြောင်းပေးလိုက်သည်။

အမေရိကန်နိုင်ငံသားနှစ်ဦးသည် အင်ဒိုနီးရှားအစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ ပြုလုပ်သည့် ယင်းအခမ်းအနားကို တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ပါရာဂွေးရေနံချက်စက်ရုံ

ဗင်နီဇွဲလားနိုင်ငံရှိ ပါရာဂွေး ရေနံချက်စက်ရုံ အဆောက်အအုံကို ဇွန် ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မိုဘိုင်းလ်ဖုန်းအသုံးပြုသူများ ဦးနှောက်အပြင်လွှာ ဆဲလ်များလှုပ်ရှားနိုင်

ဝါရှင်တန် ဇွန် ၂၉

ဆယ်လူလာဖုန်းနှင့် ကြိုးမဲ့ဖုန်းများရှိ လျှပ်စစ်သံလိုက်ဓာတ်သည် အာရုံကြောဆိုင်ရာရောဂါများရှိသော လူများအတွက် ဦးနှောက်အပြင်လွှာဆဲလ်များ လှုပ်ရှားမှုဖြစ်စေကြောင်း အီတလီသုတေသနသမားများက ဇွန် ၂၆ ရက်တွင် ပြောကြားသည်။

ကမ္ဘာပေါ်ရှိလူသန်း ၅၀၀ ကျော်သည် မိုဘိုင်းလ်ဆက်သွယ်ရေးဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာစနစ်ဟု သိထားကြသည့် လျှပ်စစ်သံလိုက်ဓာတ်များ ထုတ်လွှတ်သည့် မိုဘိုင်းလ်ဖုန်းများကို အသုံးပြုလျက်ရှိကြသဖြင့် လူ့ခန္ဓာကိုယ်ကို အဆိုပါအီးအမ်အက်ဖ်အက်စ်က သက်ရောက်မှုနှင့်ပတ်သက်၍ လေ့လာမှုများစွာ ဆောင်ရွက်လျက် ရှိကြသည်။

စမ်းသပ်စစ်ဆေး

မီလင်ရှိ ဖိတ်ဘင်နီဖရက်တယ်လီဆေးရုံမှ ဒေါက်တာပါအိုလိုရိုစီနီ ခေါင်းဆောင်သော အီတလီသုတေသနပညာရှင်များသည် ၄၅ မိနစ်အတွင်း ဂျီအက်စ်အမ် ၉၀၀ ဆဲလ်ဖုန်းမှအီးအမ်အက်ဖ်အချက်ပြ ထုတ်လွှင့်ခံခဲ့ရသည့် လူငယ်အမျိုးသား ၁၅ ဦး၏ ဖုန်းအသုံးပြုစဉ်အတွင်းနှင့် အသုံးပြုပြီးနောက်တွင် ၎င်းတို့၏ဦးနှောက်အပြင်လွှာရှိ လှုပ်ရှားစေသည့် ဆဲလ်များကို စမ်းသပ်စစ်ဆေးခဲ့ကြသည်။

တွေ့ရှိ

ယင်းသို့စမ်းသပ်စစ်ဆေး ကြည့်သောအခါ အစမ်းသပ်ခံလူငယ် ၁၅ဦးအနက် ၁၂ ဦးသည် ဖုန်းကြောင့် ဦးနှောက်အပြင်လွှာနှင့် ကပ်လျက်ရှိသောနေရာများတွင် လှုပ်ရှားမှုများဖြစ်ပွားသည်ကို တွေ့ရှိရပြီး အဆိုပါဆဲလ်များသည် ဖုန်းပြောပြီး တစ်နာရီအတွင်းရောက်မှသာပုံမှန်အနေအထားသို့ ပြန်ရောက်သွားသည်ကို တွေ့ရှိခဲ့ကြသည်။ သုတေသီများသည် ယင်း တွေ့ရှိချက်များကို ဇွန် ၂၆ရက်က ထုတ်ဝေသည့် နောက်ဆုံးထုတ် အင်နဲလ်စ်အော့ဖ်ညူရိုလိုဂျီ ဂျာနယ်တွင် ရေးသားဖော်ပြခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ

အော်ဂင်တီးနိုင်သော စက်ရုပ် တရုတ်နိုင်ငံ၌ တီထွင်

ပေကျင်း ဇွန် ၂၉

တရုတ်နည်းပညာတက္ကသိုလ်သည် အော်ဂင်တီးသောစက်ရုပ် **(အောက်ပုံ)** အား တီထွင်ဖန်တီးခဲ့ကြောင်း ဇွန် ၂၇ ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တီးခတ်

ယင်းစက်ရုပ်ကို တရုတ်နည်းပညာတက္ကသိုလ်နှင့် ဂျာမန်လေယာဉ်တည်ဆောက်ရေးစင်တာမှ ပူးတွဲ တီထွင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းစက်ရုပ်သည် ညွှန်ကြားချက်များအတိုင်း အော်ဂင်ကို တီးခတ်နိုင်ပြီး လှုပ်ရှားနိုင်သောအစိတ်အပိုင်း ၁၃ ခုပါဝင် တပ်ဆင်ထားကြောင်း၊ အကြားအာရုံအတွက် နားဝင်ချိုသော တီးလုံးအမျိုးမျိုးကို တီးခတ်ပေးနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

လာမည့်ငါးနှစ်အတွင်း အင်ဒိုနီးရှား၌ နျူကလီးယား စက်ရုံရှိလာနိုင်

ဂျကာတာ ဇွန် ၂၉

အင်ဒိုနီးရှားနိုင်ငံတွင် ယခုနှစ်အတွင်း နျူကလီးယား စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စတင်တည်ဆောက်ဖြစ်လျှင် လာမည့်ငါးနှစ်အတွင်း နျူကလီးယား ဓာတ်အားပေးစက်ရုံ ရှိလာလိမ့်မည်ဖြစ်ကြောင်း အင်ဒိုနီးရှား သုတေသနနှင့် နည်းပညာဝန်ကြီး ကာဒီမန်က ဂျကာတာ၌ ဇွန် ၂၇ရက်တွင် ပြောကြားသည်။

ကြေညာ

ယင်းသည် အင်ဒိုနီးရှားနိုင်ငံ၏ အဓိက လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် အရှိန်အဟုန်ရရှိစေလိမ့်မည်ဖြစ်ကြောင်းလည်း ၎င်းဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ



တောင်အမေရိက၏ နေထိုင်မှုစရိတ်အမြင့်မားဆုံးမြို့တွင် ချီလီနိုင်ငံ၏မြို့တော် ဆန်တီရာဂိုပါဝင်

ဆန်တီရာဂို ဇွန် ၂၉

တောင်အမေရိက၏ နေထိုင်မှုစရိတ်အမြင့်မားဆုံးမြို့များတွင် ချီလီနိုင်ငံမြို့တော်ဆန်တီရာဂိုမြို့ ပါဝင်ပြီး ထိုမြို့သည် တောင်အမေရိက၏တတိယမြောက် လူနေမှုစရိတ်အမြင့်မားဆုံးမြို့ ဖြစ်ကြောင်း အမေရိကန် မာဆာလူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ အကြံပြုဌာနက ထုတ်ပြန်သော နှစ်ပတ်လည်အစီရင်ခံစာတွင် ဇွန် ၂၇ရက်၌ ဖော်ပြထားသည်။

ဖော်ပြ

ချီလီနိုင်ငံမြို့တော် ဆန်တီရာဂိုမြို့သည် ဘရာဇီးနိုင်ငံရှိ မြို့နှစ်မြို့ဖြစ်သော ဆော်ပေါလိုနှင့်ရီရိုဒီဂျနေရိုးမြို့များပြီးလျှင် တတိယမြောက်လူနေထိုင်မှုစရိတ်ကြီးသော မြို့ဖြစ်လာကြောင်း၊ တောင်အမေရိကတိုက်တွင် ဈေးအကြီးဆုံးမြို့များဖြစ်ကြောင်း အဆိုပါအစီရင်ခံစာ၌ ဖော်ပြထားသည်။

မြင့်တက်

တစ်ကမ္ဘာလုံးတွင် ပြီးခဲ့သည့်နှစ်က ဆန်တီရာဂိုမြို့သည် ကမ္ဘာ့အဆင့် ၁၂၅ တွင်ရှိခဲ့သော်လည်း ယခုနှစ်တွင် ၉၁ အဆင့်ထိရောက်ခဲ့သည်ဟုဖော်ပြထားသည်။ ထိုသို့စရိတ်ကြီးမှုမှာ ငွေကြေးဖောင်းပွမှုကြောင့် မဟုတ်ဘဲ အမေရိကန်ဒေါ်လာနှင့် လဲလှယ်ရာတွင် ပီဆိုငွေတန်ဖိုးမြင့်တက်လာ၍ ဖြစ်ကြောင်း မာဆာ၏ဌာနေကိုယ်စားလှယ် လူးရစ်ဖာနန်ဒိုဟိုင်ဂွီရာက ပြောကြားသည်။

စရိတ်အကြီးဆုံးမြို့

ကမ္ဘာပေါ်တွင် ယခုနှစ်စာရင်းအရ ကမ္ဘာ့နေထိုင်မှု စရိတ်အကြီးဆုံးမြို့မှာ ရုရှားနိုင်ငံ မော်စကိုမြို့ဖြစ်လာပြီး ဒုတိယလိုက်သည့်မြို့မှာ တောင်ကိုရီးယားနိုင်ငံဆိုးလ်မြို့ဖြစ်လာသည်။ **အမ်အင်အေ၊ဆင်ဟွာ**

စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးသာအား ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၉

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha သည် ဇွန် ၂၈ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၁၃)ထွက်ပါပြီ

ရန်ကုန် ဇွန် ၂၉

ဒို့ကျေးရွာဂျာနယ်အတွဲ(၃)၊အမှတ်(၁၃)ကို ဇူလိုင် ၁ ရက်တွင် ထုတ်ဝေလိုက်ပြီ ဖြစ်သည်။ **(အပေါ်ပုံ)**

ယခုပတ်ဂျာနယ်တွင် ပန်းတိုင်အထွက်နှုန်းရရှိစေမည့် စပါးစိုက်ပျိုးနည်း၊ ပြောင်းလဲလာသော စပါးစိုက်ပျိုးရေးစနစ်၊ ပဲစင်းငုံစိုက်ပျိုး စီးပွားတိုး၊ လယ်ပုစွန်နှင့် လယ်မှုဆိုး၊ လက်ဖက် တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်၊ ပေါ့ပေါ့ပါးပါး၊ ပြုံးပြုံးရွှင်ရွှင် မိုးကာလတွင်ဖြစ်ပွားသော ဝမ်းလျှောဝမ်းပျက်ရောဂါ၊ ကြိတ်မှုန်ရွက်၏ဆေးအစွမ်း၊ သပြေပင်စာကြည့်တိုက်၊ မှိုမတောက်စေရန်သတိပြုရမည့်အချက်များ၊ ပန်းစံပယ်၏အာနိသင်၊ ဒေသခံ အိမ်မွေးတိရစ္ဆာန်များ၏ မျိုးဗီဇထိန်းသိမ်းရေး၊ ငါးမွေးမည်ဆိုပါက၊ ကြက်ချေးဖြူရောဂါစသည့် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများ၊ မွေးမြူရေးဆိုင်ရာ ဆောင်းပါးများနှင့် ကျေးလက် ပြည်သူတို့ ဗဟုသုတဖြစ်ဖွယ် ဆောင်းပါးများ၊ ဝတ္ထုတို၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့် သတင်းကဏ္ဍများကို သုတ၊ ရသစုံလင်စွာ ဖွယ်ဖွယ်ရာရာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ် ၂၂-၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း- ၃၇၁၃၄၀၊၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

အာဂျင်တီးနားသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဇွန် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အာဂျင်တီးနားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဖိလစ်ပေဖရက်မန်းအား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ဖိလစ်ပေဖရက်မန်းသည် ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အာဂျင်တီးနားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

(သတင်းစဉ်)

ရွာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဆူနာမီသတိပေးမှုစနစ် အသင့်ဖြစ်နေပြီ

အိန္ဒိယသမုဒ္ဒရာဒေသကို လွှမ်းခြုံလျက် ဆူနာမီသတိပေးစနစ်တစ်ရပ်ကို ထူထောင်ထားပြီးဖြစ်ရာ အသင့်ဖြစ်နေပြီ ဖြစ်ကြောင်း ယူနက်စကိုက ပြောကြားသည်။

ထိုဒေသတစ်ခုလုံး ဆူနာမီသတိပေးခြင်းကို ဖြန့်ဝေပေးမှုနှင့် လက်ခံခြင်းကို ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း အဆိုပါ ကုလသမဂ္ဂအဖွဲ့အစည်းက ဇွန် ၂၈ရက်တွင် ပြောကြားသည်။

အဆိုပါ ဆူနာမီသတိပေးမှုစနစ်ကို ၂၀၀၄ခုနှစ် ဒီဇင်ဘာလက ဆူနာမီဒီလှိုင်းတိုက်ခတ်ခဲ့ပြီးနောက် ၁၈လကြာ ဆောင်ရွက်ခဲ့ရသည်ဟု ဆိုသည်။

ယင်းဆူနာမီဒီလှိုင်း ဒဏ်ကြောင့် လူပေါင်း ၂၀၀၀၀၀ကျော် သေဆုံးခဲ့ရသည်။ ပစိဖိတ်ဒေသအတွက် အနှစ် ၄၀ အတွင်း ယင်းဆူနာမီသတိပေးစနစ်ကို ထားရှိပြီဖြစ်ကြောင်း သိရသည်။

အခြားသောအတ္တလန်တိတ်၊ မြေထဲပင်လယ်နှင့် ကရစ်ဘီယံဒေသတို့၌ အစီအစဉ်ဆက်လက်ဆောင်ရွက်နေသည်။

ဆူနာမီသတင်းပြန်ကြားရေးဌာန ၂၆ခုမှ ဆူနာမီသတိပေးမှု သတင်းအချက်အလက်များကို မြေငလျင်မှတ်စက်ဌာနအသစ် ၂၅ဌာနမှ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးနေပြီဖြစ်ကြောင်း ကုလသမဂ္ဂ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ကွိုင်ချီရိုမတ်ဆုရာက ပြောကြားသည်။

ဆူနာမီအချက်အလက်သတင်းများကို သမုဒ္ဒရာရေနက်ပိုင်းတွင် အာရုံခံကိရိယာသုံးခုမှလည်း ရယူပေးနိုင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ယင်းလုပ်ငန်းစဉ်မှာ အပြီးမသတ်သေးကြောင်း မစ္စတာမတ်ဆုရာက ပြောကြားသည်။

သမုဒ္ဒရာကြမ်းပြင်အောက်တွင်ဖြစ်ပေါ်ခဲ့သော ဆူနာမီကြောင့် အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ ထိုင်းနှင့် ဆိုမာလီယာနိုင်ငံတို့တွင် အပျက်အစီးနှင့် အသေအပျောက်များပြားခဲ့သည်။ ၎င်းဆူနာမီကြောင့် လူပေါင်းတစ်သိန်းခွဲခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ ပြန်လည်ထူထောင်ရေးအတွက် ငါးနှစ်နှင့် ၁၀ နှစ်အတွင်း ကြာနိုင်သည်ဟု ဆိုသည်။

(ကိုးကား-အင်တာနက်)

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားကွာတားဖိုင်နယ်ပွဲစဉ်နှင့် သူတို့အမြင်

ရန်ကုန် ဇွန် ၂၉

၂၀၀၆ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇွန် ၃၀ရက် **(ယနေ့)**ဆက်လက်ကစားမည်ဖြစ်ရာ ကွာတားဖိုင်နယ်ပထမပွဲစဉ်ဖြစ်သည့် ဂျာမနီနှင့်အာဂျင်တီးနား၊ ဒုတိယပွဲစဉ်ဖြစ်သည့် အီတလီနှင့်ယူကရိန်းတို့၏ပွဲစဉ်များနှင့် ပတ်သက်၍ အမြင်များကို ဆက်လက်မေးမြန်းဖော်ပြလိုက်ပါသည်။

ဆရာမောင်ရဲဝင်း (ဦးထွန်းသာ) (သတင်းစာဆရာနှင့် ဝါရင့်အားကစားကလောင်ရှင်)

- **ဂျာမနီနဲ့အာဂျင်တီးနားပွဲကတော့ အကြိတ်အနယ်ရှိမယ့်ပွဲပဲ၊ တကယ်တမ်း ကစားအားရှိတာက ဂျာမနီပါ။ ဂျာမနီနောက်တန်းကို အာဂျင်တီးနားတို့ လွယ်လွယ်မကျော်နိုင်ဘူး။ ဂျာမနီက တစ်ဦးချင်းရော၊ အသင်းလိုက်ပါ ကောင်းတယ်။ ဂျာမန်မြေပေါ်မှာ ကစားရတာဆိုတော့ ဂျာမနီနိုင်ဖို့များပါတယ်။**
- **အီတလီနဲ့ယူကရိန်းပွဲလဲ ကြည့်ကောင်းမယ့်ပွဲပါ။ ယူကရိန်းက ကစားတာလျှော့တယ်။ အသင်းလိုက်ကစားပုံကျတော့ အီတလီကိုမမီဘူး။ အတွေ့အကြုံလဲ အီတလီသာတယ်။ ဒီပွဲမှာ သမ္မာက စကားပြောပါတယ်။ အီတလီမှာ တော့တီ၊ ပီယာလိုတို့က တကယ်အားထားရတယ်။ ယူကရိန်းကလဲ ခံကစားမယ်ဆိုရင် အချိန်ပိုနဲ့ ပယ်နယ်တီအထိ ရောက်သွားနိုင်တယ်။ အီတလီအနိုင်ရနိုင်ပါတယ်။**

ဦးရဲထွင့်တင် (အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

- ဂျာမနီနဲ့အာဂျင်တီးနားပွဲမှာ ဂျာမနီတို့က အတွဲညီတယ်။ ရှေ့တန်းမှာ ကလိုဆေးကလဲ ခြေပေါ်အောင်ကစားနိုင်တယ်၊ မွေနှောက်နိုင်တယ်။ အာဂျင်တီးနားလဲ တောင့်တင်းတဲ့အသင်းဖြစ်လို့ ဂျာမနီတို့ သိပ်တော့မလွယ်ဘူး။ ဒါပေမယ့် အိမ်ရှင်ဖြစ်တယ်၊ ပရိသတ်အားလဲရှိတယ်ဆိုတော့ ဂျာမနီ နိုင်ခြေများပါတယ်။
- အီတလီနဲ့ယူကရိန်းပွဲကတော့ နှစ်သင်းစလုံး ခြေတူနေတယ်။ အီတလီမှာတော့ တော့တီခြေကောင်းလာသလို ယူကရိန်းမှာလဲ ရှက်ဗ်ချင်ကိုတို့က ခြေကုန်ထုတ်ကစားတော့မှာဆိုတော့ နှစ်သင်းစလုံးအတွက် အမှားမခံတဲ့ပွဲပါ။ အတွေ့အကြုံနဲ့ အစဉ်အလာအရ အီတလီတို့ အခွင့်အရေးရနိုင်ပါတယ်။

ရန်ပိုင် (မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း)

- **ဂျာမနီနဲ့အာဂျင်တီးနားပွဲမှာ ဂျာမနီတို့က အိမ်ရှင်အားနဲ့ဖိကစားမှာ။ ဂျာမနီတိုက်စစ်ကလဲ ပြောစရာမရှိဘူး။ ကောင်းနေတယ်။ အာဂျင်တီးနားကလဲ အစဉ်အလာရှိတဲ့အသင်းဆိုတော့ ပွဲကောင်း တစ်ခုပါပဲ။ နှစ်သင်းစလုံး ခြေမကွာတော့ အချိန်ပိုအထိ ရောက်သွားနိုင်တယ်။ အကြိုက်ကတော့ အိမ်ရှင်ဂျာမနီပါပဲ။**
- **အီတလီနဲ့ယူကရိန်းပွဲကတော့ အီတလီက အသင်းကြီးတစ်သင်းပါ။ ဒီကမ္ဘာ့ဖလားပွဲမှာ ဝါနဲ့သမ္မာက သိပ်စကားပြောတယ်။ ယူကရိန်းက ကွာတားလောက်ရောက်လာတာကိုပဲ ဂုဏ်ယူရမယ့်အနေအထားပါ။ ယူကရိန်းခံကစားပြီး အချိန်ဆွဲနိုင်လို့ အချိန်ပိုအထိလဲ ရောက်သွားနိုင်တယ်။ ဒီနှစ်သင်း ခြေအနေအထားအရ အီတလီနိုင်ဖို့ ရာနှုန်း ၈၀ ပါ။**

ပလေးဘွိုင်းသန်းနိုင် (မြန်မာနိုင်ငံ ဂီတအစည်းအရုံး အတွင်းရေးမှူး)

- ဂျာမနီနဲ့အာဂျင်တီးနားပွဲမှာ ဂျာမနီကအိမ်ရှင်ဖြစ်လို့ နိုင်အောင်ကစားမှာပဲ။ ပရိသတ်ကလဲ အားပေးမှာဆိုတော့ စိတ်ဓာတ်အသာစီးရနေပြီး အရှက်မကွဲအောင်တော့ ခြေကုန်ထုတ်ကစားမှာပဲ။ ခြေစွမ်းအကုန်ထုတ်မကစားလို့မရဘူး။ အာဂျင်တီးနားခြေကလဲ စွာတယ်။ ဂျာမနီတို့ အလေးသာပေမယ့် ခက်ခက်ခဲခဲကစားရမယ့်ပွဲပါ။ အကြိုက်ကတော့ ဂျာမနီပါ။
- အီတလီနဲ့ယူကရိန်းပွဲမှာ အီတလီအနိုင်ရမယ်လို့ ထင်တယ်။ ယူကရိန်းတို့က အတွေ့အကြုံနုသေးတယ်။ ကစားအားကောင်းလို့၊ ကြိုးစားလွန်းလို့သာ ဒီအခြေအနေရောက်လာတာပါ။ တကယ်တမ်းကစားရင် အီတလီလို အသင်းကြီးတစ်သင်းကိုနိုင်ဖို့ မလွယ်ပါဘူး။ အီတလီတို့ထပ်ပြီး အနိုင်ရနိုင်ပါတယ်။

ကိုကျော်ဇေယျ (ထ/၇၀၄၂ တက္ကစီယာဉ်မောင်း)

- **ဂျာမနီရှေ့တန်းက တိုက်စစ်မှူးတွေ ဂိုးသွင်းတာ သိပ်ကောင်းတယ်။ သေချာတယ်၊ အမှားအယွင်းနည်းတယ်။ နောက်ပြီး ဂျာမနီနောက်တန်းကလဲ လုံတယ်။ အာဂျင်တီးနားက အသင်းလိုက်ကစားအား ကောင်းပေမယ့် ဂျာမနီလောက် ဂိုးသွင်းမသေချာဘူး။ ဂျာမနီကို ပိုကြိုက်တယ်။**
- **အီတလီနဲ့ယူကရိန်းပွဲကတော့ ယူကရိန်းတို့က အရမ်းကြိုးစားတယ်။ အီတလီလောက်အတွေ့အကြုံမရှိပေမယ့် ရှိသမျှအားနဲ့ညစ်ပြီးကစားနိုင်တယ်။ အီတလီတို့ကိုမယှဉ်နိုင်ပေမယ့် အီတလီတို့ ယူကရိန်းကို လျှော့တွက်ရင် မှားသွားလိမ့်မယ်။ ဒါပေမယ့် ယူကရိန်းတို့ အီတလီကို နိုင်ဖို့ဆိုတာ သိပ်မလွယ်ပါဘူး။**

ကိုစိန်မြင့် (ဆိုက်ကားဆရာ၊ တာမွေဈေးဂိတ်)

- ဘောလုံးပွဲတွေကြည့်လွန်းလို့ မိန်းမက မျက်စောင်းခဲနေတော့တာပါပဲ။ မတတ်နိုင်ဘူး၊ ဆက်ကြည့်ရမှာပဲ။ ဂျာမနီနဲ့ အာဂျင်တီးနားပွဲကတော့ တကယ့်ကြည့်ကောင်းမယ့်ပွဲပဲ။ အပြန်အလှန် ထိုးဖောက်ကစားကြမှာ။ အင်အားသုံးတာ၊ ထိုးဖောက်ကစားတာ၊ တိုက်စစ် ခံစစ်မျှတာ အားလုံးတူနေတယ်။ မှားတဲ့အသင်းရှုံးမှာပဲ။ အာဂျင်တီးနားကိုကြိုက်ပေမယ့် ဂျာမနီတိုက်စစ်မှူးတွေက ဂိုးသွင်းအရမ်းကောင်းတယ်။ အပြတ်ပြောမရတဲ့ပွဲပါ။
- အီတလီနဲ့ ယူကရိန်းပွဲမှာ အီတလီနိုင်မှာပါ။ ယူကရိန်းဘယ်လိုမှ မယှဉ်နိုင်ဘူး။ ခံကစားလဲ ကြာရှည်တောင့်မခံနိုင်ပါဘူး။ အီတလီနိုင်မယ့်ပွဲလို့ ထင်ပါတယ်။

(မြန်မာ့အလင်း)



အင်တာနက် သတင်းနှင့် ဓာတ်ပုံ

ပြည်ပကျောက်မျက်ကုန်သည် အများဆုံးလာရောက်ဝယ်ယူလျက်ရှိသည့် မြန်မာ့ကျောက်မျက်အထူးရောင်းချပွဲမြင်ကွင်း

၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲတွင် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များအား ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေသည်ကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၉

အရည်အသွေးမြင့်မားပြီး ကမ္ဘာ့ကျောက်မျက်ဈေးကွက်၌ နာမည်ကျော်ကြားလျက်ရှိသည့် မြန်မာ့ကျောက်မျက်များ၏ ဂုဏ်သတင်းကား နိုင်ငံတကာသို့ ပျံ့နှံ့လျက်ရှိသည်။ တန်းဝင်ကျောက်မျက်များကြောင့် ရောင်းသူရော ဝယ်သူပါ ဈေးကောင်းရကာ မျက်နှာပန်းလှလျက်ရှိနေမှုမှာ မြန်မာကျောက်မျက်ရောင်းချပွဲသို့ လာရောက်သည့် နိုင်ငံတကာမှ ကျောက်မျက်ရတနာကုန်သည်များက သာဓကပြလျက်ရှိသည်။



၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲတွင် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ဖွေးဖွေးလှုပ် ဤသို့ လေ့လာကြည့်ရှုကြသည်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

မြန်မာ့ကျောက်မျက် အထူးရောင်းချပွဲ ကျင်းပပြုလုပ်ရာ ရန်ကုန်မြို့ မရမ်းကုန်း မင်းဓမ္မလမ်းရှိ မြန်မာ ကွန်ဗင်းရှင်းစင်တာဝင်း အတွင်း ကျောက်မျက်များ ခင်းကျင်းပြသထားရာ ပြသထားသည့် ကျောက်မျက်တိုင်း အရည်အသွေးမြင့် ဈေးနှုန်းသင့်သည် ဖြစ်ရာ ပြည်ပမှ ကျောက်မျက်ရတနာကုန်သည်များ အပြိုင်အဆိုင်ဝယ်ယူလျက်ရှိသည်။

စည်ကားများပြား

ယခုအခါ ဇွန် ၂၈ ရက်မှ စတင်၍ ကျောက်မျက်များကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေပြီဖြစ်သဖြင့် ပြည်ပကုန်သည်များ ဈေးနှုန်းအပြိုင်အဆိုင်ပေး၍ ဝယ်ယူလျက်ရှိသည့် မြန်မာကွန်ဗင်းရှင်းစင်တာ ခန်းမဆောင်ကြီးမှာ ကြက်ပျံမကျ စည်ကားလျက်ရှိနေသည်ကို တွေ့ရသည်။

ကျေနပ်အားရ

ဇွန် ၂၈ ရက်နှင့် ဇွန် ၂၉ ရက် ညနေ ၄ နာရီအထိ ကျောက်စိမ်းအတွဲပေါင်း ၈၂တွဲကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ရာ ရတနာကုန်သည် ၂၃၈၃ ဦးတို့က အပြိုင်အဆိုင်ဈေးပေးဝယ်ယူခဲ့မှုမှာ ကျေနပ်အားရဖွယ်ပင်ဖြစ်သည်။

ဇွန် ၂၈ ရက်က တစ်နေ့တည်း ကျောက်စိမ်းအတွဲပေါင်း ၄၉ တွဲကို ဈေးပြိုင်စနစ်နှင့် ရောင်းချခဲ့ရသလိုပင် ဇွန် ၂၉ ရက် ညနေ ၄ နာရီအထိ ကျောက်စိမ်းအတွဲပေါင်း ၃၃ တွဲကို ပြည်ပကျောက်မျက်ရတနာ ကုန်သည်များက ဝယ်ယူခဲ့ကြပြီး ညနေပိုင်းအထိ ဆက်လက်ရောင်းချလျက်ရှိနေဆဲပင်ဖြစ်သည်။

အလေးထား

ဈေးပြိုင်စနစ်ဖြင့် ရောင်းချရာ မြန်မာ ကွန်ဗင်းရှင်းစင်တာခန်းမဆောင်ကြီးအတွင်း ကျောက်မျက် ကျောက်စိမ်းတွဲတစ်တွဲကို အချိန်ကြာမြင့်စွာ ဈေးနှုန်း အပြိုင်အဆိုင်ပေးဝယ်ယူနေကြသည်မှာ ပြည်ပကျောက်မျက်ကုန်သည်များ၏ မြန်မာ့ကျောက်မျက်များအား မည်မျှ အလေးထားတန်ဖိုး ကြီးမားစွာပေးနေကြောင်း ထင်ရှားသည့် လက်တွေ့ သာဓကဖြစ်သည်။

အကျိုးကျေးဇူး

သက်မှတ်ထားသည့် ကျောက်မျက် ကြမ်းခင်းဈေးထက် အဆပေါင်းများစွာ သာလွန်အောင် ရရှိခဲ့ကြသဖြင့် နိုင်ငံတော်အတွက်နှင့် ပြည်တွင်းကျောက်မျက်ကုန်သည်များအတွက်ပါ အကျိုးကျေးဇူးကြီးမားစွာ ရရှိနေသည်။ မြန်မာ့ကျောက်မျက်များ အထူးရောင်းချပွဲများ၌ ယခုကျင်းပ ပြုလုပ်သည့် ကျောက်မျက်အထူး ရောင်းချပွဲသည် လက်ရှိရောင်းအားအရဆိုလျှင် အရောင်းရဆုံး ကျောက်မျက်ပွဲဖြစ်မည်ဟု သိရသည်။



ခင်းကျင်း ပြသ

မြန်မာ့ကျောက် မျက် အထူးရောင်းချပွဲ၌ ခင်းကျင်းပြသထားသောအရည်ကျောက်၊အထည်ကျောက် နှင့် အ သား ကျောက်များအား အတွဲလိုက် ခင်းကျင်းပြ သ ထား မှု ကို မြန်မာ ကွန်ဗင်းရှင်းစင်တာဝင်း အတွင်း ဤသို့ တွေ့မြင်ရသည်။

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

အရည်အသွေး

ကျောက်မျက်များ တင်ပြမှုနှင့် ခင်းကျင်းမှုများတွင် အလေးချိန် ၁၀၇၀၄ ကီလိုရှိသော ကျောက်စိမ်းတောင်အမည်ရှိ ကျောက်မျက်တုံးကြီးကလည်း အရည်အသွေး ကောင်းမွန်သကဲ့သို့ အသားကျောက်ဖြစ်သည့် အလေးချိန် ၅၉၃ ကီလို ရှိသည့် ကျောက်စိမ်းတွဲကလည်း ဝိုင်းဝန်းစေ့ငုကြည့်ရှုနေသည့် ပြည်ပကျောက်မျက်ကုန်သည်များအကြား နစ်မြုပ်လျက်ရှိသည်။

ဝယ်ယူပြီး

ထို့အပြင် အရည်ကျောက်အမျိုးအစားဖြစ်သော အတွဲ ၃၀၀၂၊ အလေးချိန် ၂၇၅ ကီလိုရှိသည့် ကျောက်စိမ်းတွဲကလည်း ကျောက်စိမ်း အရည်အိကျလျက်ရှိရာ အနီးကပ်လေ့လာကြည့်သည့်အခါ ဝယ်ယူပြီးဖြစ်ကြောင်း တွေ့ရသည်။

မြန်မာ ကွန်ဗင်းရှင်းစင်တာ အဆောက်အအုံဝင်းအတွင်း မျက်နှာစာတွင် ခင်းကျင်းပြသထားသော ကျောက်မျက်အတွဲ အားလုံးနီးပါး ရောင်းချပြီးဖြစ်ရာ ဤမျှလောက်များပြားသော ကျောက်မျက်များကို ဝယ်ယူအားပေးကြသည့် ပြည်ပကုန်သည်များ၏ ဝယ်လိုအားကြီးမှုကို အံ့သြရသည်။

အထည် ကျောက်မျက်တွဲများဖြစ်သည့် အတွဲအမှတ် ၁၁၁၂ အလေးချိန် ၁၈၀၈ ကီလိုရှိသည့် ကျောက်မျက်တွဲ၊ အလေးချိန် ၂၁၅ ကီလိုရှိသည့် ကျောက်စိမ်းတွဲ၊ အတွဲအမှတ် ၁၁၁၁ အလေးချိန် ကီလို ၄၂၀ရှိသည့် ကျောက်စိမ်းတွဲများကလည်း ကျောက်မျက်အနေအထား၊ အရည်အသွေး ကောင်းမှုကြောင့် အနီးကပ် လေ့လာလိုက်သည့်အခါ အားလုံးဝယ်ယူပြီးသားဖြစ်နေသည်ကို တွေ့ရသည်။

အများဆုံး

မြန်မာ ကွန်ဗင်းရှင်းစင်တာခန်းမဆောင်ကြီးအတွင်း ဈေးပြိုင်စနစ်ဖြင့် ရောင်းချမှုကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၁ ရက်အထိ ပြုလုပ်မည်ဖြစ်ရာ လက်ရှိ ဝယ်ယူအားအတိုင်း ဖြစ်ပါက ခင်းကျင်း ပြသထားသည့် ကျောက်မျက်များအားလုံး နီးပါးခန့်ကို ပြည်ပကျောက်မျက်ကုန်သည်များက ဝယ်ယူနိုင်မည်ဟု ခန့်မှန်းလျက်ရှိရာ မြန်မာ့ကျောက်မျက် အထူးရောင်းချပွဲသည် ကျောက်မျက်ခင်းကျင်းပြသမှု အများဆုံးနှင့် ရောင်းအား အများဆုံးအပြင် ပြည်ပကျောက်မျက်ကုန်သည်များ အများဆုံးလာရောက်ဝယ်ယူသည့်ကျောက်မျက် အထူးရောင်းချပွဲပင် ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာရေးသား တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကွင်းဆင်းရေးသားသူ–မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

သံဃာအပါး ၁၀၀၀၊ သီလရှင်အပါး ၁၀၀ ဝါတွင်း အရုဏ်ဆွမ်းလောင်းလှူမည်

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် ရွှေလိပ်ပြာအိမ်ရာ သံဃာ့ဒါန ဆွမ်းလောင်းအသင်းသည် ဝါတွင်းသုံးလပတ်လုံး ဝါဆို–ဝါကပ်တော်မူကြသော သံဃာတော်အပါး ၁၀၀၀ နှင့် သာသနာ့နွယ်ဝင် သီလရှင်အပါး ၁၀၀ တို့ကို တနင်္လာနေ့တိုင်း အရုဏ်ဆွမ်းလောင်းလှူခဲ့ရာ ယခုနှစ် (၁၈)ကြိမ်မြောက် ပထမဆွမ်းပတ်အဖြစ် ဇူလိုင် ၁၀ ရက် (တနင်္လာနေ့)တွင် ဆွမ်း၊ ဆွမ်းဟင်းလျာ၊ ဆွမ်းဆန်တော်များ လောင်းလှူခဲ့ပြီးဖြစ်သည်။

စေတနာရှင်များ အသင်းတည်ရှိရာ အမှတ် ၀၀၁ ရွှေလိပ်ပြာအိမ်ရာ ပန်းလှိုင်ရပ်ကွက် မြှောရုံ ကြည့်မြင်တိုင်မြို့နယ်သို့ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း လူမှုရေးဆပ်ကော်မတီကကြီးမှူး၍ ဝါတွင်းကာလ မြတ်ဒါနအဖြစ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို နှစ်စဉ်ကျင်းပမြဲအတိုင်း ဇူလိုင် ၂ ရက် နံနက် ၈ နာရီခွဲမှ ၁၁ နာရီခွဲအထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ချမ်းမြေ့ရိပ်သာကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါလှူဒါန်းပွဲသို့ အသင်းဝင် သွားနှင့် ခံတွင်းဆရာဝန်များ ကြွရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသော ဝတ္ထုပစ္စည်းအစုစုတို့ကို လူမှုရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဦး 3 Q International Dental Trading Co., Ltd. ဖုန်း–၃၇၉၅၃၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ (၃)ရက်

MYANMAR WOMEN’S DAY

3rd JULY 2006

ဟောက်ခွဲဖျက်ဆီးရေးသမားများနှင့်အကြမ်းဖက်သမားများကို အထူးသတိပြုစောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီးအချိန်မီသတင်းပေးပို့

■ *ကျောဖုံးမှ*

သံတမန်များကလည်း နေ့စဉ်ဥဒဟို ဝင်ထွက်သွားလာတွေ့ဆုံပြီး ဆွေးနွေးညှိနှိုင်းခြင်း၊ ညွှန်ကြားစာများ၊ ညွှန်ကြားချက်များပေးခြင်းတို့ ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိနေရသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံနှင့် ပြည်သူလူထုအပေါ် အကြမ်းဖက်အဖျက်လုပ်ရပ်များ ကျူးလွန်နေ၍ မတရားအသင်း ကြေညာထားခြင်းခံရသော၊ အကြမ်းဖက်အဖွဲ့အစည်းများ အဖွဲ့ဝင်များအဖြစ် ကြေညာထားခြင်းခံရသော ပြည်ပြေး၊ တရားခံပြေးများကို အနောက်အင်အားကြီးနိုင်ငံက လက်သင့်ခံမွေးမြူပြီး နိုင်ငံတော်အားဆန့်ကျင်တိုက်ခိုက်ရန် အားပေးနေခြင်းသည်လည်းကောင်း၊ ပြည်တွင်းရှိ နိုင်ငံရေးပါတီတစ်ခုသို့ သွားလာဝင်ထွက် ဆွေးနွေးညွှန်ကြားချက်များပေးနေခြင်းသည်လည်းကောင်း မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေခြင်းဖြစ်ရာ နိုင်ငံအချင်းချင်းအပေါ်ထားရှိအပ်သည့် မိတ်ဝတ်မပျက်ဆက်ဆံရေးအရ မပြုသင့် မပြုထိုက်သော အမှုကိစ္စများကို ပြုမူလုပ်ဆောင်နေခြင်းပင်ဖြစ်သည်။

တားဆီးတိုက်ဖျက် ချေမှုန်း

မည်သို့ပင်ဖြစ်စေကာမူ ယနေ့မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး တည်ဆောက်လျက် စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်မှုဖြင့် ရရှိဖြစ်ထွန်းနေသော အေးချမ်းတည်ငြိမ်မှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှု အလားအလာကောင်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ပြည်တွင်းပြည်ပ အဖျက်ရန်ဟူသမျှကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့က ပူးပေါင်းတားဆီးတိုက်ဖျက်ချေမှုန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အများပြည်သူတို့အနေဖြင့်လည်း မိမိတို့နေထိုင်ရာ၊ အသက်မွေးဝမ်းကျောင်းမှုပြုရာ၊ ကူးသန်း ရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းသို့ အသွင်အမျိုးမျိုးဆောင်ကာ ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်အဖျက်အမှောင့်သမားများကို အထူးသတိပြု စောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီး တာဝန်ရှိသူများထံသို့ အချိန်မီသတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

ရန်ကုန်ဗဟိုအမျိုးသမီးဆေးရုံကြီး ဌာနမှူး ပါမောက္ခဒေါက်တာ ဒေါ်သန်းသန်းတင် အမျိုးသမီးများနှင့် HIV/AIDS စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တက္ကသိုလ် ကွန်ပျူတာသိပ္ပံဌာန ဌာနမှူး ပါမောက္ခ ဒေါ်နွဲ့နွဲ့ဝင်း မြန်မာနိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုး မှုနှင့်အမျိုးသမီးများ၏ ကဏ္ဍစာတမ်းကိုဖတ်ကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တက္ကသိုလ် ဥပဒေဌာန ဌာနမှူး ပါမောက္ခ ဒေါက်တာ ဒေါ်သန်းနွဲ့ မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များ စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

တက်ရောက်

အဆိုပါစာတမ်းဖတ်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အသိပညာရှင်အတတ်ပညာရှင်များ၊ စာတမ်းရှင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် မြန်မာနိုင်ငံသူနာပြုအသင်းတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နံနက်ပိုင်း စာတမ်းဖတ်ပွဲ အခမ်းအနားတွင် သဘာပတိအဖြစ် ဒေါက်တာ မတင်ဝင်း (ပညာရေးတက္ကသိုလ်)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး အဖွဲ့ဝင် ဒေါ်စန္ဒာခင်က ဆောင်ရွက်သည်။

ဖတ်ကြားတင်သွင်း

ထို့နောက် ရန်ကုန်တက္ကသိုလ် ဥပဒေဌာန ဌာနမှူး ပါမောက္ခ ဒေါက်တာ ဒေါ်သန်းနွဲ့က "မြန်မာနိုင်ငံလူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များ" စာတမ်းကိုလည်းကောင်း၊ ရန်ကုန်ဗဟိုအမျိုးသမီးဆေးရုံကြီးဌာနမှူး ပါမောက္ခ ဒေါက်တာ ဒေါ်သန်းသန်းတင်က "အမျိုးသမီးများနှင့် HIV/AIDS" စာတမ်းကိုလည်းကောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင် တွဲဖက်အတွင်းရေးမှူး ဒေါ်ရင်ရင်လေးက "ပတ်ဝန်းကျင် ပြဿနာများနှင့် ပတ်ဝန်းကျင် လုံခြုံရေး"စာတမ်းကို လည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် စာတမ်းဖတ်ပွဲကို တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြပြီး စာတမ်းဖတ်ပွဲကို ခေတ္တရပ်နားသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသား ကော်မရှင် တွဲဖက် အတွင်းရေးမှူး ဒေါ်ရင်ရင်လေး ပတ်ဝန်းကျင် ပြဿနာများနှင့် ပတ်ဝန်းကျင် လုံခြုံရေးစာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

ထို့နောက်မွန်းလွဲပိုင်းစာတမ်းဖတ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဒေါ်စောမုံညင်းက ဆောင်ရွက်သည်။

ယင်းနောက် ရန်ကုန်တက္ကသိုလ် ကွန်ပျူတာသိပ္ပံဌာန ဌာနမှူး ပါမောက္ခ ဒေါ်နွဲ့နွဲ့ဝင်းက "မြန်မာနိုင်ငံသတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဖွံ့ဖြိုးမှုနှင့် အမျိုးသမီးများ၏ကဏ္ဍ" စာတမ်းကိုလည်းကောင်း၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်လှက "ကိုယ်စိတ်ကျန်းမာ နေနိုင်ရေးနှင့် အမျိုးသမီးများ၏စွမ်းဆောင်မှု"စာတမ်းကိုလည်းကောင်း၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်) က "မြန်မာ့သမိုင်းစဉ်ထဲကအမျိုးသမီးများနှင့်တန်ဖိုး"စာတမ်းကိုလည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းကြသည်။

ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်) မြန်မာ့သမိုင်းစဉ်ထဲမှ အမျိုးသမီးများနှင့်တန်ဖိုး စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

ပြန်လည်ဖြေကြား

ထို့နောက် စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်လှ ကိုယ်စိတ်ကျန်းမာနေနိုင်ရေးနှင့် အမျိုးသမီးများ၏ စွမ်းဆောင်မှုစာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က စာတမ်းရှင်များအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုငွေလှူဒါန်း

ရန်ကုန် ဇွန် ၂၉

၂၀၀၆ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီး၊ စီမံရေးရာဌာနကြီးတို့နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ အခြေခံပညာကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၈ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမက(၈)ကျောင်းခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှ လှူဒါန်းသော ငွေကျပ်ငါးသိန်းနှင့် စီမံရေးရာဌာနကြီးမှ လှူဒါန်းသော ငွေကျပ်ငါးသိန်းတို့အား စည်းရုံးရေးဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးက အမက(၈) ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(အောက်ပုံ)

(၄၀၀)

လူ့အခွင့်အရေးကောင်စီ၌ အမေရိကန် ပါဝင်နိုင်မှုမရှိခြင်းသည် အများကိုအမှန်က အောင်နိုင်ခြင်းဖြစ် ကျူးဘား၏အောင်မြင်မှုသည် မှုနှင့်အမှန်တရား၏ပြယုဂ်ဖြစ်၍ စွမ်းဆောင်နိုင်မှုတန်ဖိုးအသိအမှတ်ပြု အဖွဲ့ဝင်တစ်ဦးအဖြစ် ကိုယ်စားလှယ်နေရာမပိုင်ဆိုင်ခြင်းမှာ အမေရိကန်လူထုမဟုတ်ဘဲ အစိုးရသာဖြစ် အမေရိကန်နှင့် ဥရောပသမဂ္ဂသည် ယခင်လူ့အခွင့်အရေးကော်မရှင်ကို စစ်ဆေးရေးခုံရုံးအဖြစ်အသွင်ပြောင်းလဲခဲ့ နှစ်ပေါင်း ၅၀၊ ၇၀ခန့်က အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကို လက်ရှိအခြေအနေနှင့် ဆန့်ကျင်ဖော်ပြ ဟန်ဆောင်မှုများနှင့် မုသာဝါဒများကို အကာအကွယ်ပေးရန်အတွက် ကျူးဘားကိုအားထား၍ရမည်မဟုတ်

ရန်ကုန် ဇွန် ၂၉

ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂရုံး၌ ဇွန် ၁၉ရက်မှ ၂၀ရက်အထိ လူ့အခွင့်အရေးကောင်စီ၏ ပထမအကြိမ် အဆင့်မြင့်ခေါင်းဆောင်များ အစည်းအဝေးကို ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ပြောကြားခဲ့သည့် ကျူးဘားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဖိလစ်ပီရပ်ရှ်၏ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

တက်ရောက်လာကြသည့် ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား–

ယနေ့သည် နေ့ထူးနေ့မြတ်တစ်ရပ်ဖြစ်ပါသည်။ ကျူးဘားနိုင်ငံသည် လူ့အခွင့်အရေးကောင်စီ တည်ထောင်သည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အမေရိကန်နိုင်ငံမှာ အဖွဲ့ဝင်နိုင်ငံ မဟုတ်ပါ။ ကျူးဘားနိုင်ငံသည် ကုလသမဂ္ဂ အထွေထွေ ညီလာခံ၏ သုံးပုံနှစ်ပုံကျော်ဖြစ်သော ၁၃၅ နိုင်ငံ၏ တစ်ခဲနက် ထောက်ခံမှုနှင့်အတူ ရွေးကောက်ပွဲတွင် ရွေးချယ်ခံခဲ့ရပါသည်။ အမေရိကန်နိုင်ငံမှာမူ ဝင်ရောက်ယှဉ်ပြိုင်ရန်ပင် သတ္တိမရှိပါ။ အမေရိကန်နိုင်ငံက ကြောက်ရွံ့သည့် လျှို့ဝှက်မဲစနစ်ကိုပင် ကျူးဘားနိုင်ငံက အားပြုယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်ပါသည်။

မူဖြင့်ဒဏ်ခတ်ခြင်း

ကျူးဘား၏အောင်မြင်မှုသည် မှုနှင့်အမှန်တရား၏ အောင်မြင်မှု ပြယုဂ်ပင်ဖြစ်ပါသည်။ ဤအချက်သည် ကျူးဘားနိုင်ငံ၏ စွမ်းဆောင်နိုင်ခြင်းတန်ဖိုးကို အသိအမှတ်ပြုမှု တစ်ရပ်ပင်ဖြစ်ပါသည်။ ဤကောင်စီတွင် အမေရိကန်နိုင်ငံ ပါဝင်နိုင်မှုမရှိခြင်းသည် အများကို အမှန်က အောင်နိုင်ခြင်းပင်ဖြစ်သည်။ အင်အားကြီးနိုင်ငံတစ်နိုင်ငံ၏ မောက်မာမှုကို မူဖြင့် ဒဏ်ခတ်ခြင်းဖြစ်ပါသည်။

ရွေးကောက်ပွဲရလဒ်အပေါ် သုံးသပ်ချက်အဖြေတစ်ရပ် ထုတ်နုတ်တင်ပြရန် လိုအပ်နေပါသည်။ တစ်နိုင်ငံချင်းအလိုက် ထိုက်တန်သည့် အတိုင်းအတာအရ အဖြေရလဒ်များ ရရှိခဲ့သည်။ ကျူးဘားနိုင်ငံရရှိသော ဆုလာဘ်မှာ အမေရိကန်နိုင်ငံ အပြစ်ပေးခံရခြင်း ဆုလာဘ်ပင်ဖြစ်ပါသည်။ နိုင်ငံတိုင်းတွင် သမိုင်းကြောင်းများ ကိုယ်စီရှိကြောင်း ရွေးကောက်ပွဲတွင် မဲပေးသည့် နိုင်ငံများက ကောင်းစွာ သဘောပေါက်ကြသည်။

လူ့အသားအရောင် ခွဲခြားမှုပြုသည့် အစိုးရဆိုးကို အမေရိကန်နိုင်ငံက ချူကလီးယားလက်နက်အပါအဝင် လက်နက်အများအပြား ထောက်ပံ့မှုပေးခဲ့သည်။ ယင်းအစိုးရဆိုးကို တော်လှန်တိုက်ခိုက်ခဲ့သည့် ကျူးဘားစစ်သည် ၂၀၀၀ကျော်တို့၏ အာဇာနည်သွေးမြေကျခဲ့ရသည့်အဖြစ်ကိုလည်း အာဖရိက နိုင်ငံများက အမှတ်ရနေကြသည်မှာ ထင်ရှားပါသည်။

ကျူးကျော်သိမ်းပိုက်

နိုင်ငံပေါင်း ၇၀တွင် ကျူးဘားနိုင်ငံသား ဆရာဝန် ၃၀၀၀၀ခန့်က လူအများ၏ဝေဒနာကို သက်သာပျောက်ကင်းစေရန်နှင့် အသက်များ ကယ်တင်နေသည့်အချိန်တွင် အမေရိကန်နိုင်ငံကမူ ၎င်း၏စစ်သည်ပေါင်း ၁၅၀၀၀၀ ဖြင့် ဥပဒေအရ တရားမဝင်သည့် မတရားသောစစ်ပွဲကို နိုင်ငံငယ်တစ်ခု အပေါ်ဆင်နွှဲကာ ကျူးကျော်သိမ်းပိုက်၊ လူအများကို သတ်ဖြတ်၊ သေကျေစေမှုပြုသည့် အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။ ဤအခြေအနေမျိုးတွင် ကျူးဘားနိုင်ငံက ယခုရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပါသည်။

လက်တင်အမေရိကနှင့် ကရစ်ဘီယန်ဒေသရှိ ၂၆နိုင်ငံတွင် မျက်စိဝေဒနာရှင် သုံးသိန်းကျော်သည် စက္ခုအလင်းရရှိကြသဖြင့် အခမဲ့ ခွဲစိတ်ကုသပေးသော ကျူးဘားနိုင်ငံသား မျက်စိအထူးကုဆရာဝန်များကို အလွန်ကျေးဇူးတင်လျက်ရှိနေကြသည်။ အမေရိကန်နိုင်ငံကို ကြည့်ပါက ကမ္ဘာ့အင်အားအကြီးဆုံးနိုင်ငံ၏ သမ္မတသည် ၎င်း၏ စီးပွားဖက် ကုမ္ပဏီတစ်စုကို အလွန်အကျိုးအမြတ်ရှိစေသည့် လုပ်ငန်းကန်ထရိုက်များ ခွဲဝေပေးနိုင်ရန်၊ အခြားနိုင်ငံတစ်နိုင်ငံ၏ရေနံကို ခိုးယူနိုင်ရန်အတွက် လှည့်စားသော စစ်ပွဲတွင် ကျူးကျော်ခံရသည့်နိုင်ငံမှ ပြည်သူအပေါင်း ၁၀၀၀၀၀ခန့်ကို သတ်ဖြတ်ခဲ့သည့်အပြင် အမေရိကန်လူငယ် ၂၅၀၀ခန့်မှာလည်း အကျိုးမဲ့ အသက်စတေးခဲ့ကြရသည်။ ဤသို့အခြေအနေမျိုးတွင် ကျူးဘားနိုင်ငံက ယခုရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်ပါသည်။

နှိပ်စက်ညှဉ်းပန်း

တတိယကမ္ဘာနိုင်ငံ/ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း ၁၂၀မှ လူငယ်အပေါင်း နှစ်သောင်းငါးထောင်ကျော်တို့သည် ကျူးဘားနိုင်ငံရှိ တက္ကသိုလ်နှင့် ကောလိပ်များတွင် အခမဲ့ပညာသင်ကြားခွင့်ရကြပါသည်။ ဤအခြေအနေမျိုးတွင် အမေရိကန်သည် ဂွမ်တာနာမို(Guantanamo) အကျဉ်းစခန်းအပေါ်သာ အာရုံစိုက်နေပြီး အကျဉ်းစခန်းအတွင်းရှိ အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းနေကြပါသည်။ "အကျဉ်းသားသုံးဦး မိမိကိုယ်မိမိ သေကြောင်းကြံစည်ခဲ့ပါသည်" ဟူသည့် ထောင်ပိုင်များ၏ တရားဝင်ထုတ်ပြန်ချက်မှာ ဧကန်စင်စစ် ၎င်းတို့ စိတ်ဖောက်ပြန်မှုကြောင့် သတ်သေခြင်းမျိုးမဖြစ်နိုင်ဘဲ စစ်ပွဲကာလအတွင်း သတ်ဖြတ်ခံရခြင်းမျိုးဖြစ်ရာ ယခုကဲ့သို့ ကြေညာခြင်းသည် ဝါဒဖြန့်ချိခြင်းတစ်ရပ်သာ ဖြစ်နေပါသည်။ ဤအခြေအနေမျိုးတွင် ကျူးဘားနိုင်ငံက ယခု ရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ကျူးဘားနိုင်ငံသည် မိမိနိုင်ငံသား ဆေးဘက်ဆိုင်ရာ ဆရာဝန်များနှင့် ဆေးကုသရေးဆေးရုံငယ်များကို လေယာဉ်ပျံများဖြင့် သဘာဝဘေးအန္တရာယ် သို့မဟုတ် ကူးစက်ရောဂါ ပြန့်ပွားထိရောက်နေသော နေရာဒေသများသို့ တင်ဆောင်သွားရောက် ကုသကူညီပေးလျက်ရှိပါသည်။ ဤသို့အချိန်တွင် အမေရိကန်နိုင်ငံမှာမူ ဆေးကျွေး၍ လက်ထိပ်ခတ်ထားသော အကျဉ်းသားများကို အကျဉ်းထောင်တစ်ခုမှ အခြားအကျဉ်းထောင်သို့ လေယာဉ်ပျံဖြင့် လျှို့ဝှက်စွာ တင်ဆောင်ရွှေ့ပြောင်းနေလျက်ရှိပါသည်။ ဤအခြေအနေမျိုးတွင် ကျူးဘား နိုင်ငံက ယခုရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်ပါသည်။

တရားဥပဒေစိုးမိုးရေး

ကျူးဘားနိုင်ငံသည် ပိုမိုကောင်းမွန်သည့် လူ့ဘောင်တစ်ရပ်ဖြစ်ပေါ်လာရေးအတွက် တောင်းဆိုတိုက်ပွဲဝင်နေပြီး ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို ကာကွယ်လျက် ရှိပါသည်။ ကျူးဘားနိုင်ငံသည် အင်အားအရာထက် တရားဥပဒေစိုးမိုးရေးကိုသာ အဓိကထားကြောင်း တရားဝင်ကြေညာ ကျင့်သုံးလျက်ရှိပါသည်။ သို့သော် အမေရိကန်နိုင်ငံ၏ သဘောထား ကြွေးကြော်ချက်ကား "သင်သည် ကျွန်ုပ်တို့၏ ဘက်တော်သားမဟုတ်လျှင် ကျွန်ုပ်တို့ကို ဆန့်ကျင်သူဖြစ်သည်"ဟုဆိုပါသည်။ ဤအခြေအနေမျိုးတွင် ကျူးဘားနိုင်ငံက ယခုရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။

ကျူးဘားနိုင်ငံသည် ၎င်း၏ နှစ်စဉ်လက်နက် အသုံးစရိတ်အဖြစ် အမေရိကန် ဒေါ်လာ သန်းပေါင်းများစွာ အသုံးပြုနေမှုကို ရပ်တန့်ဖယ်ရှားပြီး ငါးနှစ်အောက် ကလေးငယ်ပေါင်း ၁၁သန်း ရောဂါကြောင့် သေဆုံးခြင်းကို ကြိုတင်ကာကွယ်ပေးရန်နှင့် ဆင်းရဲနွမ်းပါးသော အမျိုးသမီး ခြောက်သိန်းတို့ကို မီးဖွားစဉ်ကာလအတွင်း ပြုစုစောင့်ရှောက်ရန်အတွက် ဘဏ္ဍာငွေတိုးတက် အသုံးပြုရန် သတ်မှတ်ထားပါသည်။ ၎င်းအချိန်တွင် အမေရိကန်နိုင်ငံသည် ၎င်း၏အစီအမံများကို အခြားနိုင်ငံများ လိုက်နာခြင်းမရှိပါက ၎င်း၏မထီမဲ့မြင်ဆိုလေ့ရှိသည့် လက်သုံးစကားဖြစ်သော "ကမ္ဘာတစ်ဝန်း၌ ဥပဒေမဲ့အမှောင်ဖုံးလွှမ်းနေသော မည်သည့်နေရာကိုမဆို (၎င်းအားဆန့်ကျင်သည့် အစု/အဖွဲ့ နေရာကို) **ကြိုတင်၍** ဖယ်ရှားပိုင်ခွင့်နှင့် **ဖုံးကွယ်ပိုင်ခွင့်** ရှိသည်" ဟူသည့် ကြွေးကြော်မှုကို ရှေ့တန်းတင်လျက် ရှိနေပါသည်။ ယင်းစကားရပ်အရ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးတွင် အမေရိကန်စစ်သည် တစ်ဦးအား တရားစွဲဆိုစီရင်ချက်ချရန် ကြိုးပမ်းခြင်းမျိုး ရှိလာပါက ဥပဒေအရ အကျုံးဝင်နိုင်မည် ဖြစ်ပါသည်။ ဤအခြေအနေတွင် ကျူးဘားနိုင်ငံက ယခုရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။

အဓိကမဏ္ဍိုင်

ကျူးဘားနိုင်ငံက ပါလက်စတိုင်းလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်မှုပြုနေချိန်တွင် အစ္စရေးတို့၏ ရာဇဝတ်မှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများ၏ နောက်ကွယ်၌ အမေရိကန်နိုင်ငံက အဓိကမဏ္ဍိုင်အဖြစ် ကျောထောက်နောက်ခံပြုလျက်ရှိပါသည်။

ကတ်ထရီနာအမည်ရှိ လေဆင်နှာမောင်းက ပြင်းထန်စွာ တိုက်ခတ်ဖျက်ဆီးနေချိန်တွင် အမေရိကန်အစိုးရသည် ရာပေါင်း၊ ထောင်ပေါင်းများစွာသော လူများ(များသောအားဖြင့် လူမည်းများနှင့် ဆင်းရဲသားများ)ကို ပံ့ပိုးကူညီမှု အလျှင်းမပြုဘဲ လျစ်လျူရှုပြုထားခဲ့သည့်အချိန်၌ ကျူးဘားနိုင်ငံက ကူညီလိုသဖြင့် ဆရာဝန်ဦးရေ ၁၁၀၀ကို ချက်ချင်းစေလွှတ်ရန် ကမ်းလှမ်းခဲ့ပါသည်။ ယင်းကမ်းလှမ်းမှုသည် အသက်ပေါင်းများစွာကို ကယ်တင်၍ ဒုက္ခဝေဒနာသည်များကို ပြုစုကုသပေးနိုင်မည့် အနေအထားပင် ဖြစ်ပါသည်။

မိမိအနေဖြင့် ဤအကြောင်းတရားများကို မနက်ဖြန်မိုးလင်းသည့်တိုင်အောင် စာရင်းပြုစုကာ ဆက်လက်တင်ပြနိုင်ပါသေးသည်။ ထပ်လောင်း၍ ပြောကြားလိုသည်မှာ ယနေ့ ဤကောင်စီ အဖွဲ့ဝင်တစ်ဦးအဖြစ် ကိုယ်စားလှယ်နေရာတစ်နေရာ မပိုင်ဆိုင်နိုင်ခြင်းမှာ အမေရိကန်နိုင်ငံ၏ လူထုမဟုတ်ဘဲ အမေရိကန်အစိုးရသာလျှင် ဖြစ်ပါသည်။ အမေရိကန်လူထုအတွက် ကျူးဘားနိုင်ငံ၏ ကိုယ်စားလှယ်အနေဖြင့် ဤကောင်စီ၏ အဖွဲ့ဝင်နေရာအပါအဝင် အခြားသော နေရာများတွင်လည်း ကိုယ်စားပြုပါဝင်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ မိမိတို့ ကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်လူထု၏ အခွင့်အရေးများအတွက်လည်းကောင်း၊ အထူးသဖြင့် ခွဲခြားဆက်ဆံမှုပြုခြင်း အခံရဆုံးနှင့် ဖယ်ကြဉ်ခံထားရသည့်နိုင်ငံသားတို့အတွက် ဖွင့်ဟပြောဆိုပေးမည် ဖြစ်ပါသည်။

လူ့အခွင့်အရေးကောင်စီ၏ ပထမအကြိမ် အဆင့်မြင့်ခေါင်းဆောင်များ အစည်းအဝေးကို ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂရုံး၌ ကျင်းပရာ ကျူးဘားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဖိလစ်ပီရပ်ရှ် မိန့်ခွန်းပြောကြားစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဇွတ်တရွတ်အစီအမံ

ကျူးဘားနိုင်ငံရွေးကောက်ခံရမှုကို ပိတ်ပင်တားဆီးရန် ဖိအားပေးမှုများနှင့် ရွံရှာဖွယ်ကောက်ကျစ်စဉ်းလဲသော ဇွတ်တရွတ်အစီအမံများကို အမေရိကန်နိုင်ငံက ဆောင်ရွက်ရာ၌ ၎င်းနှင့်အတူ အခြားအဖော်များလည်းရှိသေးသည်။ ၎င်း၏ လက်တစ်ဆုပ်စာ မဟာမိတ်နိုင်ငံများက အမေရိကန်နိုင်ငံနှင့်အတူ ခရီး တစ်ဆုံးထိ လိုက်ပါကြသည်။ ထုံးစံအတိုင်းပင် ၎င်း၏အပေါင်းအသင်းများမှာ "မတရားမှုနှင့်ဖယ်ကြဉ်ရေးဝါဒ" ကမ္ဘာ့လမ်းစဉ်ကြောင့် အကျိုးအမြတ်များစွာ ရရှိခဲ့ကြသော်လည်း (များသောအားဖြင့်) ၎င်းတို့၏ တစ်ချိန်က ကိုလိုနီလက်အောက်ခံ နိုင်ငံများထံသို့ တင်ရှိထားသော ရာဇဝင်ကြွေးကျေအောင် ပြန်လည်မပေးဆပ်ကြသေးသည့် နယ်ချဲ့ကိုလိုနီနိုင်ငံဟောင်းများပင် ဖြစ်သည်။

ဘရပ်ဆဲလ်မြို့၌ ညှိနှိုင်းခဲ့သည့် လျှို့ဝှက်သဘောတူညီချက်အရ ဥရောပသမဂ္ဂအနေဖြင့် ကျူးဘားနိုင်ငံကို ထောက်ခံမဲပေးခြင်းမပြုရန်၊ ပါဝင်ယှဉ်ပြိုင်မည့် ကျူးဘားကိုယ်စားလှယ်လောင်းကိုဆန့်ကျင်ရန်၊ အမေရိကန်နိုင်ငံနှင့် နီးကပ်စွာပေါင်းစည်းဆောင်ရွက်ရန်ဟူသည့် အသေးစိတ်အကြံအစည် အချက်အလက်များကို ကျူးဘားနိုင်ငံအနေဖြင့်ကောင်းစွာကြိုတင်သိရှိသဘောပေါက်ထားခဲ့ပါသည်။ သည့်တိုင်အောင် ၎င်းတို့ အကြီးအကျယ်ရှုံးနိမ့်ခဲ့ကြပါသည်။ ကောင်စီရွေးကောက်ပွဲအဖြေအရ ကျူးဘားနိုင်ငံသည် အီးယူနှင့် ၎င်း၏မရှိမဖြစ် မဟာမိတ်နိုင်ငံ၏ထောက်ခံမှုမပါရှိဘဲ အရွေးချယ်ခံခဲ့ရသည်။ ဥရောပသမဂ္ဂ၏ မဟာမိတ်နိုင်ငံ(ဝါ) အမေရိကန်နိုင်ငံသည် ဥရောပသမဂ္ဂ၏ အခွင့်အရေးများနှင့် ချမ်းသာကြွယ်ဝမှုများကို အာမခံချက်ပေးရန်၊ ဥရောပသမဂ္ဂအတွက် ရဲသားတစ်ဦးအသွင်ရပ်တည်ပေးနေသော်လည်း စင်စစ်တွင် ယခုကောင်စီရွေးကောက်ပွဲ၌ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံရန်ပင် သတ္တိမရှိခဲ့ပါ။

မှန်ကန်သောလုပ်ရပ်

ယခုအချိန်တွင် ဤကုလသမဂ္ဂ အဆောက်အအုံခန်းမများနှင့် စင်္ကြံများက "သစ်လွင်သောနိဒါန်းအစ"ဟုလည်းကောင်း၊ "သန့်ရှင်းသစ်လွင်သော အတွေးအခေါ် အယူအဆသစ်များကို ကောင်စီသစ်အတွင်းသို့ ယူဆောင်လာရမည်" ဟူ၍လည်းကောင်း ကျူးရင့်နေကြပါသည်။ ယခင်လူ့အခွင့်အရေးကော်မရှင် ကျဆုံးခဲ့ရခြင်းသည် နိုင်ငံများအကြား အဆင့်အတန်းခွဲခြားမှုပြုခြင်း၊ နိုင်ငံကြီးများက ပြိုင်ဘက်ကင်း ကြီးမြတ်သယောင်ပြုခြင်း၊ နောက်ကွယ်မှကြိုးကိုင်လှုပ်ရှားခြင်းများကိုကျင့်သုံးဆောင်ရွက်ခဲ့မှုများကြောင့်ဖြစ်ခဲ့ရကြောင်း ထင်ရှားပါသည်။ ဤနေရာတွင် အဓိကပြောဆိုလိုသည်မှာ ယခင်ဖြစ်ပွားခဲ့သောအခြေအနေများကဲ့သို့ ပြဿနာတစ်ရပ်အပေါ် အချိုပေါ်သကာဖုံးသည့်စကားလုံးများဖြင့်ဖြေရှင်း

သည့် အတုအယောင်လုပ်ရပ်များကို ပစ်ပယ်ရုံသက်သက်ဖြင့် အနာဂတ်ဘဝသစ်တစ်ခုကို တည်ဆောက်၍မရနိုင်ပါ။ ကျွန်ုပ်တို့အားလုံး အမှန်လိုအပ်သည်မှာ စကားလုံးများသာမဟုတ်ဘဲ မှန်ကန်သောလုပ်ရပ်သာဖြစ်ပါသည်။

ဥရောပသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ ပြောကြားသွားသည့် မိန့်ခွန်းသည် အမှန်တရားများဖြစ်ပါက မိမိတို့အခြေအနေမှာ “မည်သူမပြု မိမိမှု”သာဖြစ်နေပါမည်။ ဤသို့ဆိုလျှင် မိမိတို့ဘဝမှာ ၎င်းတို့အလိုကျကြိုးဆွဲပုံသွင်းပေးမှုကို စောင့်နေရတော့မည့်ဘဝမျိုးသာဖြစ်ပါလိမ့်မည်။ မိမိတို့ကံကြမ္မာကို မိမိတို့ဖန်တီးနိုင်တော့မည်မဟုတ်ပါ။ ဥရောပသမဂ္ဂသည် အမေရိကန်နှင့်ပူးပေါင်း၍ ကျူးဘားကိုရွေးကောက်ပွဲတွင်အနိုင်ရရှိခြင်းကို တားဆီးပိတ်ပင်မှု မဆောင်ရွက်နိုင်ခဲ့ပါ။ ၎င်းတို့သည် သမာသမတ်မျှတ၍ လွတ်လပ်သောမူဝါဒနှင့်အညီ ကျူးဘားနိုင်ငံအပေါ် မည်သည့်အခါကမျှ ဆက်သွယ်မှုပြုခဲ့ဖူးခြင်းမရှိသည်မှာလည်း ပြောစရာအကြောင်း မဟုတ်တော့ပါ။

ပိတ်ပင်ဟန့်တား

အရှက်ကင်းမဲ့ပြီး၊ ပြောင်ပြောင်တင်းတင်း စနစ်တကျ လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်သော ဂွမ်တာနာမိုရေတပ်စခန်းဖြစ်ရပ်ကို ပြီးခဲ့သောနှစ်က စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် လူ့အခွင့်အရေးကော်မရှင်၏ ဆုံးဖြတ်ချက်အပေါ် ဥရောပသမဂ္ဂအနေဖြင့် ၎င်းတို့အလိုအတိုင်း ပိတ်ပင်ဟန့်တားခဲ့ပါသည်။ ဥရောပသမဂ္ဂအနေဖြင့် ၎င်းတို့၏စိတ်ရင်းသဘောထားအရ ပြုပြင်ပြောင်းလဲလာမည့်အရေးကို မိမိတို့ စောင့်ဆိုင်းနေရဆဲဖြစ်ပါသည်။

ရာပေါင်းများစွာသော လျှို့ဝှက်စီအိုင်အေ လေယာဉ်များဖြင့် လူများစွာကို ပြန်ပေးဆွဲပြီး ဥရောပမြေမှာတည်ဆောက်ခွင့်ပြုထားသည့် လျှို့ဝှက်အကျဉ်းထောင်များ၌ အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်မှုပြုခြင်းတွင် ဥရောပသမဂ္ဂက တိတ်ဆိတ်စွာ ပါဝင်ပတ်သက်ခဲ့ခြင်းသာလျှင် ၎င်းတို့၏ ညှိနှိုင်းဆောင်ရွက်မှုဖြစ်ပေသည်။ ယခုအချိန်အထိ ဥရောပသမဂ္ဂသည် အဆိုပါအဖြစ်အပျက်များအပေါ် ရှင်းလင်းချက်ပေးရေးနှင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေခြင်းကို မရိုးမသား ဝင်ရောက်နှောင့်ယှက်ခဲ့သည်။

အခြားသော ဘာသာများနှင့် ရိုးရာဓလေ့များကို လေးစားတတ်ခြင်းမရှိသော၊ စိတ်ပျက်ဖွယ်ကောင်းသည့် ပြယုဂ်တစ်ခုဖြစ်နေသော ဥရောပသမဂ္ဂတွင် စံနမူနာပြုထိုက်သော၊ လေးစားထိုက်သော အစွမ်းသတ္တိလုံလောက်စွာ မရှိပါ။

အသွင်ပြောင်းလဲ

အမေရိကန်နိုင်ငံနှင့် စပ်လျဉ်း၍ မဟာမိတ်ပြု ဘက်လိုက်သည့် ဥရောပသမဂ္ဂသည် ယခင်လူ့အခွင့်အရေး ကော်မရှင်ကို ကမ္ဘာ့တောင်ခြမ်း/တတိယကမ္ဘာ့နိုင်ငံများအတွက် ရည်ရွယ်ဖွဲ့စည်းထားသည့် စစ်ဆေးရေး ခုံရုံးအဖြစ်သို့ အသွင်ပြောင်းလဲခဲ့သည်။ မိမိတို့အနေဖြင့် ယခုအခါ ဤကဲ့သို့ ထပ်မံမဖြစ်ပွားရန် မျှော်လင့်ပါသည်။

နှစ်ပေါင်းများစွာ ကြိုးပမ်းမှု၊ စွန့်လွှတ်မှုများဖြင့် လွတ်လပ်ရေးရခဲ့သည့် ယခင် ကိုလိုနီလက်အောက်ခံ နိုင်ငံပေါင်း၁၀၀နီးပါးအပေါ်တွင် ဥရောပသမဂ္ဂသည် ၎င်းတို့တင်ရှိနေခဲ့သည့် ရာဇဝင်ကြွေးကို အသိအမှတ်ပင် မပြုသေးပါ။ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀၊ ၇၀ ခန့်က အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို ချမှတ်ခဲ့ရာ ယင်းစာတမ်းတွင် “လူသားအားလုံးသည် လွတ်လပ်စွာမွေးဖွားကြပြီး လူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်”ဟူသည့် စာပိုဒ်သည် လက်ရှိအခြေအနေနှင့် တစ်မူထူးခြားစွာ ဆန့်ကျင်ဖော်ပြရာရောက်နေကြောင်း တွေ့ရပါသည်။

နှစ်ပေါင်းများစွာ ကြိုးပမ်းမှု၊ စွန့်လွှတ်မှုများဖြင့် လွတ်လပ်ရေးရခဲ့သည့် ယခင် ကိုလိုနီလက်အောက်ခံ နိုင်ငံပေါင်း၁၀၀နီးပါးအပေါ်တွင် ဥရောပသမဂ္ဂသည် ၎င်းတို့ တင်ရှိနေခဲ့သည့် ရာဇဝင်ကြွေးကို အသိအမှတ်ပင် မပြုသေးပါ။ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀၊ ၇၀ ခန့်က အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို ချမှတ်ခဲ့ရာ ယင်း စာတမ်းတွင် “လူသားအားလုံးသည် လွတ်လပ်စွာ မွေးဖွားကြပြီး လူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်”ဟူသည့် စာပိုဒ်သည် လက်ရှိအခြေအနေနှင့် တစ်မူထူးခြားစွာ ဆန့်ကျင်ဖော်ပြရာရောက်နေကြောင်းတွေ့ရ။

တက်ရောက်လာကြသည့် ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား—

ချမ်းသာကြွယ်ဝသူနှင့် အခွင့်ထူးခံ လူတန်းစားတို့အတွက်သာမက ဤမြေကမ္ဘာပေါ်တွင်နေထိုင်ကြကုန်သော လူသားအပေါင်းတို့အတွက် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေးနှင့်မြှင့်တင်ရေးအတွက်မမွေခိဌာန်ကျသည့် စနစ်တစ်ရပ် အမှန်တကယ်ပေါ်ပေါက်လာရန် ဤအစည်းအဝေးက ကဏ္ဍသစ်တစ်ရပ်ဖြင့်ဖော်ဆောင်ပေးနိုင်မည့် အနေအထားတွင်ရှိပါသည်။ ဤသို့ ပြောင်းလဲဖြစ်ပေါ်လာရန် အဓိကကျသည့် လိုအပ်ချက်မှာ ယခင် လူ့အခွင့်အရေးကော်မရှင် ရှုံးနိမ့်သွားခဲ့ရသည့် အတွေးအမြင်ဟောင်းများနှင့် နည်းနိဿယဟောင်းများကို ပြောင်းလဲဖယ်ရှားမည့် စစ်မှန်သော အတွေးအခေါ်သစ်တစ်ရပ် လိုအပ်ခြင်းပင်ဖြစ်ပါသည်။

ထိုသို့ ထူးခြား၍ သမိုင်းဝင်မည့် ခြေလှမ်းတစ်ရပ်ကို အမေရိကန်နိုင်ငံ၏ မဟာမိတ်များဖြစ်သော ဖွံ့ဖြိုးပြီးနိုင်ငံများက ဧကန်လိုလားစွာဖြင့် လျှောက်လှမ်းလိမ့်မည်ဟု ကျူးဘားနိုင်ငံက ဆန္ဒတသသဖြင့် မျှော်လင့်မထားပါ။ သို့သော်လည်း သံသယအကျိုးကို ၎င်းတို့အား ခံစားခွင့်ပေးရဦးမည်ဖြစ်၍ ၎င်းတို့၏ လုပ်ဆောင်နိုင်မည့် အလားအလာကို စောင့်ကြည့်ရဦးမည်ဖြစ်ပါသည်။

အားထားမှုပြုနိုင်

ကြေညာခဲ့သည့်အတိုင်း ကတိတည်ရန် အတူတကွ ဆောင်ရွက်လုပ်ကိုင်ကြမည်ဆိုပါက ကျူးဘားနိုင်ငံကို အားထားမှုပြုနိုင်ပါသည်။ လူ့အခွင့်အရေးကောင်စီသည် သမိုင်းတစ်ကျော့ပြန်လည်ပြီး စစ်တလင်းအသွင် ထပ်မံဖြစ်ပေါ်လာမည်ဆိုပါက ယခုအချိန်မှစ၍ တတိယကမ္ဘာနိုင်ငံများ၏ အယူအဆများကို ထင်ဟပ်ဆက်သွယ်ပေးမည့် သူရဲကောင်းတစ်ဦးအလား ကျူးဘားနိုင်ငံအပေါ် အားထားမှုပြုနိုင်ပါကြောင်း ပြောကြားလိုပါသည်။

လူ့အခွင့်အရေးကောင်စီကို ကမ္ဘာ့မြောက်ခြမ်းနိုင်ငံများအပေါ် ကင်းလွတ်ခွင့်များပေး၍ ဖွံ့ဖြိုးမှုနိမ့်ကျသော ကမ္ဘာ့တောင်ခြမ်း/တတိယနိုင်ငံများအပေါ် စီရင်ချက်ချမည့် အထူးခုံရုံးအဖြစ်သို့ အသွင်ကူးပြောင်းမည်ဆိုပါက ကျူးဘားနိုင်ငံကို အားထားမှုပြု၍ ရမည်မဟုတ်ပါ။ သဘောထားမတူညီသည့်နိုင်ငံများသို့မဟုတ် ဦးမည္ဘတ်သည့်နိုင်ငံများအပေါ် နိုင်ငံရေးအသွင်ဖန်တီးပြီး ခွဲခြားဆက်ဆံရေးပုံစံကို ဆက်လက်ကျင့်သုံးကာ နိုင်ငံအလိုက် ဆုံးဖြတ်ချက်များချမှတ်၍ ပြစ်ဒဏ်ပေးခြင်းများ ပြုလုပ်မည်ဆိုပါကလည်း ကျူးဘားနိုင်ငံကို အားထားမှုပြု၍ ရမည်မဟုတ်ပါ။

အသစ်ဖြစ်ပေါ်လာမည့် ဤအပြည်ပြည်ဆိုင်ရာ ပုံမှန်သုံးသပ်ရေး ယန္တရားကို မီဒီယာ ထိုးနှက်မှု ဖိအားပေးကိရိယာသစ်အဖြစ် အသုံးချမည်ဆိုပါကလည်း ကျူးဘားနိုင်ငံကို အားထားမှုပြု၍ ရမည်မဟုတ်ပါ။

ကြီးမြတ်ယောင် ဟန်ဆောင်မှုများနှင့် မုသာဝါဒများကို အကာအကွယ်ပေးရန်အတွက် ကျူးဘားနိုင်ငံကို အားထားမှုပြု၍ ရမည်မဟုတ်ပါ။

လက်တွဲကာကွယ်

အမှန်တရားနှင့် ရိုးသားပွင့်လင်း မှုအတွက် တိုက်ပွဲဝင်ရန်၊ လွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်ရန်၊ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိရန်၊ လူမှုရေးရာ တရားမျှတမှုရှိရန်၊ ညီညွတ်မှုတို့အတွက် တိုက်ပွဲဝင်ရန် ကျူးဘားနိုင်ငံကို အားထားမှုပြုနိုင်ပါသည်။ စားနပ်ရိက္ခာဖူလုံပိုင်ခွင့်၊ ပညာသင်ကြားပိုင်ခွင့်၊ ကျန်းမာရေးစောင့်ရှောက်ခွင့်၊ လူ့ဂုဏ်သိက္ခာလေးစားခွင့်၊ ဂုဏ် သိက္ခာရှိသော လူမှုဘဝဖန်တီးပိုင်ခွင့်တို့အတွက် ကျူးဘားနိုင်ငံသည် အခြားနိုင်ငံများနှင့် အတူလက်တွဲ ကာကွယ်တည်ဆောက်သွားမည် ဖြစ်ပါသည်။

စစ်မှန်သော ဒီမိုကရေစီအရေး၊ စစ်မှန်သောပူးပေါင်းပါဝင်မှုနှင့် လူသားအားလုံးတို့၏ စစ်မှန်သော ပျော်ရွှင်ချမ်းမြေ့မှုတို့ကို ကာကွယ်မှုပြုရာတွင် ကျူးဘားနိုင်ငံကိုလည်း အားထားမှု ပြုနိုင်ပါသည်။

တန်းတူရည်တူ

မည်သည့်တမန်၊ မည်သည့်ကိုယ်စားလှယ် သို့မဟုတ် အစီရင်ခံစာတင်သွင်းသူတို့၏ လွဲမှားသောတာဝန်ကို ကူညီပံ့ပိုးမှုပြုရန် ကျူးဘားနိုင်ငံအပေါ် အင်အားသုံး၍လည်းကောင်း၊ အကျပ်ကိုင်၍လည်းကောင်း ပူးပေါင်းဆောင်ရွက်မှုရယူရန် ဆောင်ရွက်နိုင်မည်မဟုတ်ပါ၊ လူ့အခွင့်အရေးကောင်စီနှင့် ခွဲခြားဆက်ဆံမှုမရှိသော ဆက်စပ်ယန္တရားများတွင် တန်းတူရည်တူ ဆက်ဆံခြင်းဖြင့်သာ ကျူးဘား၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူအားထားနိုင်မည် ဖြစ်ပါသည်။

မိမိတို့အနှစ်၄၀ကြာ ရင်ဆိုင်ခံစားခဲ့ရသော အကြင်နာတရားကင်းမဲ့သည့် စီးပွားရေး ပိတ်ဆို့မှုမျိုးနှင့်ပတ်သက်၍ နှုတ်ပိတ်ဆွံ့အနေမည် မဟုတ်ပါ။ တရားမျှတမှုမရှိ၊ ဥပဒေ ကင်းမဲ့စွာဖြင့် အမေရိကန်နိုင်ငံရှိ အကျဉ်းထောင်များတွင် လက်ရှိထောင်သွင်း အကျဉ်းကျခံနေရသော အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးသမား ကျူးဘားလူငယ်ငါးဦးကို အမိမြေသို့ ပြန်လာခွင့်ရရှိရေး တောင်းဆိုရာ၌ ဆွံ့အနေမည် မဟုတ်ပါ။

ကြီးမြတ်သည့် အယူအဆ

ယုံကြည်ချက်မူဝါဒတစ်ရပ်အား စွန့်လွှတ်စေရန်အတွက် ဖိအားပေးခြင်းဖြင့် ကျူးဘား၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိနိုင်လိမ့်မည် မဟုတ်ပါ။ လူသားအားလုံးအတွက် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးတည်ဆောက်ရန် မြင့်မြတ်သည့် အယူအဆကို လက်ကိုင်ထားရာ၌ ကျူးဘားနိုင်ငံအား အားထားနိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် ကျူးဘားနိုင်ငံကို လူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင်တစ်နိုင်ငံအဖြစ် အရွေးချယ်ခံရရေးအတွက် ကျွန်ုပ်တို့၏ တတိယကမ္ဘာ့နိုင်ငံများမှ ညီအစ်ကို မောင်နှမများက တစိုက်မတ်မတ် ထောက်ခံအားပေးမှု ပြုခဲ့ခြင်းအတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ကျူးဘားနိုင်ငံသားများ၏ကိုယ်စားပြောကြားလိုပါသည်။ ကျူးဘားနိုင်ငံသားများသည်လည်း အမိနိုင်ငံတွင် “တော်လှန်ရေး” ကို ဆန္ဒပြင်းပြ၊ တည်ဆောက်၊ ကာကွယ်မှု ပြုသူများဖြစ်ကြပါသည်။

ထပ်လောင်းပြောကြား

ကျူးဘားနိုင်ငံသားများအနေဖြင့် မိမိတို့အား ယုံကြည်စိတ်ချ ကိုးစားမှုကို မည်သည့်အခါမျှ မျက်နှာလွှဲ သစ္စာဖောက်ဖျက်လိမ့်မည်မဟုတ်ပါကြောင်း ကျွန်ုပ်အနေဖြင့် ဤနေရာမှ ထပ်လောင်းပြောကြားလိုပါသည်။

တတိယကမ္ဘာနိုင်ငံများအားလုံး၏ အခွင့်အရေး ကြိုးပမ်းမှုများပင်ဖြစ်သော ကျူးဘားနိုင်ငံ၏ အခွင့်အရေးကြိုးပမ်းမှုကို ထောက်ခံအားပေးခဲ့သော နိုင်ငံများနှင့် ပထမကမ္ဘာနိုင်ငံများမှ တိုးတက်သော ဒီမိုကရက်တစ်အင်အားစုများသို့ ပြောကြားလိုသည့် အချက်တစ်ချက်မှာ **“အောင်ပွဲထိတိုင် ချီတက်”**ဟူ၍ ဖြစ်ပါသည်။

ကျူးဘားနိုင်ငံအား တိုက်ခိုက်သည့်နိုင်ငံများနှင့် ယင်းတို့၏ အပေါင်းအပါများသို့ ပြောကြားလိုသည် အချက်တစ်ချက်မှာ “အမိမြေအတွက် သေသည်အထိ” ဟူ၍ပင်ဖြစ်သည်။

“ကျွန်ုပ်တို့ အောင်ရမည်” **(သတင်းစဉ်)**

● ရှေ့ဖုံးမှ

တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်ခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂၉

ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ် (၃)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ဓာတ်ပုံ)**

အဆိုပါဂျာနယ်တွင် တက္ကသိုလ်မြတ်သူ၊ စိုးသီဟ (ရေတာရှည်)၊ ဇော်ဗိုလ်၊ ခင်သန္တာနှင်း(ဖြူး)၊ ရေနံ့သာမောင်ကျော်ညွှန့်၊ မင်းသစ်ဦး၊ H.K၊ သိုက်နွယ်၊ L.T.A၊ သန့်သီရိညွှန့်၊ နီငြိမ်း(အညာတက္ကသိုလ်)၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ ရွှေဘိုဘာမထီခင်အောင်၊ CE တို့၏ မှတ်ဖွယ်မှတ်ရာ ဆောင်းပါးများ၊ မွေးငယ်ငယ်၏ ကဗျာ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှု သတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

ကညွတ်ကွင်းမြို့နယ်ရှိ မန္တလေးကျောင်းတိုက်အဝင်လမ်းပြုပြင် ဒေသဖွံ့ဖြိုးရေး ပြည်သူနှင့်အသင်းဝင်များပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးထွေးဦးသည် ဇွန် ၂၂ရက် ညနေပိုင်းတွင် နေပြည်တော်မှ ပဲခူးတိုင်း ကညွတ်ကွင်းမြို့သို့ရောက်ရှိပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်အတူ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူလူထုနှင့် အသင်းဝင်များ စုပေါင်းတည်ဆောက်ပြုပြင်ထားသော မန္တလေးကျောင်းတိုက် အဝင်လမ်းမကို ကြည့်ရှုပြီးနောက် ရတနာသိဒ္ဓိ ဆုတောင်းပြည့်စေတီတော်ကို ဖူးမြော်သည်။

ထို့နောက် သာသနမလ၊ ဝိသောဓနီမဟာသိမ်တော်ကြီး၌ ဆရာတော် ဦးစိန္တာမယအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် အထွေထွေအတွင်းရေးမှူးနှင့် အသင်းဝင်များသည် ရပ်ကွက်လူထုအား ရင်းနှီးစွာတွေ့ဆုံ၍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ကူညီပံ့ပိုးပေးသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးသည် အသင်းဝင်များနှင့်အတူ ရပ်မိရပ်ဖများ၊ အသင်းဝင်များ စုပေါင်းပြုပြင်မွမ်းမံထားသည့် ကညွတ်ကွင်းမြို့ မိုးကောင်းစေတီတော်နှင့် ဆုတောင်းပြည့်စေတီတော်တို့ကို ဖူးမြော်ကြည်ညိုပြီးနောက် ဓမ္မဝိသောဓနီသိမ်တော်ကြီး၌ မိုးကောင်းကျောင်းဆရာတော် ဦးသီလစာရအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးက အသင်းဝင်များအား မိမိတို့ဒေသ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းဝင်များက ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သုံးခွမြို့နယ် ဆယ်အိမ်စုမှူး ဆရာဖြစ်သင်တန်းဖွင့်ပွဲ

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆယ်အိမ်စုမှူး အထောက်အကူပြု ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇွန်၂၇ရက် နံနက် ၁၁နာရီက မြို့နယ်အားကစားခန်းမတွင် ကျင်းပရာ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြမူ **(အပေါ်ဓာတ်ပုံ)** က အဖွင့်အမှာစကားပြောကြားပြီး ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အတွင်းရေးမှူး ခရိုင်ဆရာဝန်ကြီး ဒေါက်တာ မြင့်ဇော်က သင်တန်းဖွင့်ရခြင်း၏ ရည်ရွယ်ချက်နှင့် ဆယ်အိမ်မှူးများ ရှေ့ဆက်လုပ်ဆောင်ရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် သုံးခွမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲအသီးသီးမှ အသင်းဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

စာပေထက်မြက် နိုင်ငံ့တွက်

ယခုခေတ်တွင် စာပေ၊ မီဒီယာ၊ စာနယ်ဇင်းနှင့် အများစုဖြစ်သော ဖော်ကျူးမှုအနုပညာရပ်တို့သည် ရေစီးကြောင်းကြီးတစ်ခုတည်း၌ စီးဆင်းနေကြသည်။ အချင်းချင်း အတုံ့အလှယ်ပြုနိုင်သည့် လုပ်ငန်းနယ်ပယ်များလည်း ဖြစ်နေကြသည်။ ‘ဘက်စုံဆက်သွယ်ရေး’ ဟု ခေါ်နိုင်သော ‘မာလတီမီဒီယာ’များပင် ဖြစ်သည်။ စာပေ၏ ပင်မလုပ်ငန်းဖြစ်သော ရေးသားမှုသည် မှတ်တမ်းတင်ခြင်း၊ သတင်းပေးခြင်း၊ ဖွဲ့ဆိုခြင်း၊ စည်းရုံးခြင်းတို့နှင့်အတူ ဖော်ကွန်းထိုးခြင်းအထိ ကျယ်ပြန့်သွားသည့်ပြင် အခြားဆက်သွယ်မှု အနုပညာများနှင့်လည်း နှုတ်ခမ်းချင်းဆက်စပ်ကာ တစ်သားတည်း ပေါင်းယှက်သွားနိုင်လေ့ရှိ၏။

စာပေ၏ ပင်ကိုသဘော၌ ထက်မြက်မှု ပါရမြဲဖြစ်သည်။ စာပေထက်မြက်သော ခေတ်အခါများ၌ နိုင်ငံတိုးတက်မှု ထိပ်ဆုံးသို့ ရောက်သည်ကို မြန်မာ့သမိုင်း၌ တွေ့နိုင်သည်။ ခေတ်ကာလနှင့်စာပေ၊ စာပေနှင့်ခေတ်ကာလတို့မှာ ကျွန်းနှင့်ကိုင်း၊ ကိုင်းနှင့်ကျွန်းတို့အလား အနည်းနှင့်အများ ပုံရိပ်ထင်ကြလေ့ရှိမြဲဖြစ်သည်။ ပုံရိပ်ထင်ရေး၌ စာပေကို ဖန်တီးသောသူတို့၏ ဉာဏ်အား၊ လေ့ကျင့်အားထုတ်မှုအားအပြင် စေတနာအားပါ ကူရလေ့ရှိသည်။ ထိုအချက်မှာ ဘယ်ခေတ်အတွက်မဆို အရေးကြီးလေသည်။

စေတနာအားသည် ရေးသူ၊ ဖွဲ့သူတို့၌ မြစ်ဖျားခံပြီး ဖတ်ရှုသူ၊ မှတ်သားသူ၊ စာနာသူတို့၌ ဩဇာသက်ရောက်မြဲဖြစ်သည်။ ထိုဩဇာများသည် ပုံနှိပ်စာအုပ်၊ စာနယ်ဇင်းများအဖြစ် နိုင်ငံ၏နေရာအနှံ့သို့ ရောက်ရှိနေကြသည်။ စာကြည့်တိုက်ကဲ့သို့ နေရာမျိုး၌ အမျိုးသားအကျိုးစီးပွားနှင့် လူသားရင်းမြစ် ဖွံ့ဖြိုးရေးအတွေးများ ပြည့်နှက်ကိန်းအောင်း၍နေသည်။ ဖတ်ပါလှည့်ကုန်၊ မှတ်ပါလှည့်ကုန်၊ ယူပါလှည့်ကုန်ဟူ၍ ဖိတ်ခေါ်မှုမှာ ယခုအခါ ကျောင်းရိပ်၊ ရွာရိပ်တို့အထိ ရောက်စပြုသည်။ မဖတ်ဘဲ၊ မမှတ်ဘဲ၊ မယူဘဲ ထားရှိသော စာတို့သည် သူ့ချည်းသက်သက်ထားရုံဖြင့် ဉာဏ်အလင်းကို မပေးနိုင်ချေ။

ရောက်ရှိသော နယ်ဝန်းကျယ်ပြန့်လေလေ ရေးသားပုံနှိပ်သော စာများ၌ သတ္တိဗလပါဖို့ လိုလေလေဖြစ်ပေမည်။ သုတ၊ ရသမြောက်ဖို့ လိုသည်။ အမြင်မှန်၊ စိတ်ကူးမှန်တို့ကို ပြသသည့်လက်ရာဖြစ်ဖို့ လိုသည်။ လက်ရာမှန်မှ လမ်းပြမှန်ပေမည်။ အမှန်ဟူသည်မှာ တရားကိုယ် အမှန်ကိုသာ လိုအပ်သည်။ သူပြောလူပြော မှန်သမျှကိုလည်း မစိစစ်ဘဲ အမှန်ဟူ၍ မယူအပ်။

စာပေသည် ဝါသနာအရာ၊ စိတ်လက်ပျော်ပိုက်မှုကိစ္စမျှအတွက်သာ လိုက်စားဖို့ မဟုတ်တော့။ ထိုမှတစ်ဆင့် တက်လျက်သက်မွေးဝမ်းကျောင်း နယ်ပယ်ကြီး ဖြစ်လာခဲ့သည်။ ထိုအပြောင်းအလဲသည် ဘယ်ခေတ်ကမှနှင့် မတူသော အပြောင်းအလဲဖြစ်သည်။ ကွယ်လွန်သူ ဆရာဦးတင့်တယ်က ‘အောင်မြင်’ဟူသော အမည်ဖြင့် ရေးသည့်စာများ၌ မကြာခဏ ရေးဖူးသလို ‘ခါနာ(ထမင်း) တစ်လုတ်အတွက် ဝါစာကမာလုပ်သည်’ ဆိုသောကိစ္စမျိုးနှင့် ယှဉ်၍ လာခဲ့သည်။ ရေးသူတွေများသလို ပုံနှိပ်ထုတ်ဝေသူတွေများသည်။ စာဖတ်သူတွေများသည်။ ရုပ်သံတေးဂီတအဖြစ် ကူးပြောင်းသော လက်ရာတွေ ထွက်လာသည်။ နိုင်ငံ့ကျေးဇူးဖြင့် စာကြည့်တိုက်၊ စာဖတ်ခန်းတွေ များလာနေသည်။ စာပေဖြင့် အသက်မွေးခြင်းကို တိုက်ရိုက်လုပ်သူများ၊ စာပေနှင့်ဆက်စပ်ရာ လုပ်ငန်းခွင်၌ ရောက်နေသူများ၏ အရေအတွက်မှာလည်း မနည်းတော့။ အလွတ်ပင်တိုင်ရေးသားပြီး ဝင်ငွေကို ထောက်ကူနေသူတို့၏ အရေအတွက်မှာ ထို့ထက်ပင် များဖို့ရှိသည်။ စာပေ၊ စာနယ်ဇင်းနည်းဖြင့် မီးဖိုချောင်ထဲမှ အိုးပွက်အောင် (Pot boiler) လုပ်ရသဖြင့် စာပေသမားတို့အဖို့ အိုးပွက်ရေးကိုသာ ဦးစားမပေးမိဖို့ကိစ္စလည်း ပေါ်လာသည်။ ဤသည်မှာ ပထမသတိပြုရန် ဖြစ်သည်။

တစ်ချိန်တည်းမှာပင် စာပေပျံ့နှံ့မှုကို ထောက်ကူသော ပုံနှိပ်ချက်၊ လွှင့်ထုတ်ချက်၊ ရိုက်ကူးချက်များကို မြန်နိုင်ဖို့၊ များနိုင်ဖို့ထောက်ကူရန် ခေတ်မီစက်ကိရိယာ နည်းလမ်းများလည်း များစွာရှိနေပြန်သဖြင့် ခေတ်သစ်မီဒီယာတို့နှင့်အတူ နောက်တစ်မျိုး သတိပြုရန်အချက်မှာ ကပ်၍ ပါလာနေသည်။

ထိုဒုတိယအချက်မှာ မှန်လျှင်လည်း လက်ခံရရှိသူတို့ထံ တစ်မုဟုတ်ချင်းဖောက်ထွင်း၍ ထုနှင့်ထည်နှင့် ရောက်သွားနိုင်သည်။ မှားလျှင်လည်း အမှန်နှင့်လွဲချော်သဖြင့် အတွေးလွဲ၊ အတွေးမှားများ အပျံ့အနှံ့ဖြစ်ကာ ဆိုးကျိုးကိုဦးတည်တော့မည်။ အမှားနှင့်အမှန်၊ အလွဲနှင့်အတည့်ကို အမျိုးသားရေးခံယူချက် စိတ်ထားဖြင့်သာ ရေးသူတို့ရော၊ ဖတ်သူတို့ပါ အကဲဖြတ်နိုင်စွမ်းရှိဖို့လိုပါမည်။

မောင်ဆုရှင်

စာပေအလုပ်ကို ဆင်ခြင်ကြည့်လျှင် အတွေးကစရသည်။ စိတ်ကူးက စရသည်။အသိပညာကို အခြေခံရသည်။ အတွေးနှင့်စိတ်ကူးက စရသဖြင့် လက်တွေ့နှင့်မဝေးဖို့ လိုသည်။ စာကောင်းပေမွန်တို့သည် လက်တွေ့အကျိုးများကို ပေးခဲ့လေသည်။ လူတစ်လုံး၊ သူတစ်လုံး ဖြစ်စေရန် အသိအလိမ္မာနီတိများ၊ သူ့ကျွန်မခံစေရန် မျိုးရိုးဇာတိမာန်ဖော်ထုတ်မှုများ၊ လွတ်လပ်ရေးအတွက် အနစ်နာခံ ကြိုးပမ်းအားထုတ်လိုမှု စိတ်ဓာတ်များ၊ ခေတ်မီနည်းပညာ ဗဟုသုတများ စသည်ဖြင့် တာဝန်ကျေစွာ ဖြန့်ဖြူးခဲ့လေသည်။ နိုင်ငံ တည်ဆောက်ရေးတာဝန်ပိုင်းသို့ ရောက်သောအခါ လုပ်ငန်းမှာပို၍ နက်နဲသိမ်မွေ့လာရသည်။ ပြည်တွင်းပြည်ပ ရင်ဆိုင်ရပ်တည်ရမည့် အကြောင်းတွေ များလာသည်။ ထို့ကြောင့် စာပေမှာ ဝန်တာပို၍ကြီးမားသည်ဟု ဆိုချင်ပါသည်။

စာပေတာဝန်ကို ကျေပွန်ရန်မှာ အရေးအဖွဲ့က သုတရသမြောက်ရဖို့ရှိသည်။ ထို့သို့ လက်ရည်ရှိစေရန် မိမိကိုယ်ကို လေ့ကျင့်ပျိုးထောင်ခြင်းလည်း မပြတ်ရှိအပ်သည်။ မျက်မှောက်ရေးရာတို့ကို မျက်ခြည်မပြတ် လေ့လာအပ်သည်။ ပေါင်းစပ်ဖွဲ့စည်း၍ အသင်းအပင်းသဘော စုပေါင်းဆောင်ရွက်သော စိတ်ဓာတ်လည်းထက်သန်မှ အောင်မြင်ရန် အကြောင်းရှိမည်။ အဖွဲ့အစည်းအလိုက် ထက်မြက်မှု၊ ဦးဆောင်မှုကား အခရာဖြစ်လေသည်။

မျက်မှောက်ခေတ် မြန်မာစာပေ၌ ရိုးရာစာပေအစဉ်အလာနှင့် မျက်မှောက် တည်ဆောက်မှုလုပ်ငန်းများကို ကူညီပံ့ပိုးရန် အဆောင်အရွက် ပစ္စည်းကိရိယာအင်အားနှင့် ကလောင်ရှင်တို့၏ အင်အားမှာ အရန်သင့်ရှိပြီးသားဟု ဆိုသင့်သလောက် ဆိုနိုင်သည်။ စနစ်တကျ မှန်ကန်စွာ အသုံးချနိုင်ဖို့သာ လိုပေသည်။

စနစ်ကျန မှန်ကန်ရေး၌ စာပေနှင့်မီဒီယာတို့ ရှိအပ်သည့်လုပ်ငန်းပိုင်း အင်္ဂါစုံရန်လည်း ဖြည့်စွမ်းဖို့ အစိတ်အပိုင်းများ ရှိနေသည်။ ဉာဏပစ္စည်း မူပိုင်ခွင့်ဥပဒေဖြင့် ဖြည့်ဆည်းဖို့ရှိသည်။ ထုတ်ဝေဖြန့်ချိမှု စနစ်ဇယားမှတ်တမ်းများ အသားကျလျက် ထုတ်ဝေသူများက စံနှုန်းများတစ်ပြေးညီ စုပေါင်းကျင့်သုံးသင့်သည်။ ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရန် နည်းလမ်းစနစ်များ လိုသည်။ နိုင်ငံတကာသုံး ဘာသာဖြင့် ရေးစရာ မြန်မာမှုတွေ များစွာရှိသည်။ အားနည်းသော စာပေကွက်လပ်တို့၌ အားသာအောင် ပြုလုပ်ရပေလိမ့်မည်။ အားထုတ်ပြုလုပ်ရမည့်သူတို့မှာ ဤနယ်သားများပင် ဖြစ်သည်။ **တန်းတူအောင် အားထုတ်ရေးတွင် ကမ္ဘာပြုမှုဖြစ်သော ဂလိုဘယ်လိုက်ဇေးရှင်းကိစ္စ၌ နိုင်ငံတကာ ဆောင်ပုဒ် တစ်ခုဖြစ်သည့် ‘ကမ္ဘာလိုတွေး၊ ဒေသရေမြေဖြင့် လက်တွေ့ကျင့်’ (‘Think globally, act locally’) ဆိုသောစကားမှာ တွေးကြံမှု၊ လုပ်ကိုင်မှုတို့အတွက် သင့်မြတ်ဖွယ်ရှိပေသည်။**

သို့ရာတွင် စာပေအနုပညာလုပ်ငန်းတို့၏ သဘာဝမှာ အရင်းမူလ တာထွက်ချိန်၌ တစ်ဦးချင်း၏ ဦးနှောက်လှိုင်းနှင့် စပ်ဆိုင်သည်။ ထိုတစ်ဦးချင်းသည် ဖန်တီးသူ လက်ရာရှင်ဖြစ်၍ တစ်ကိုယ်ရေစိတ်ဓာတ်ရှိသူ ဖြစ်တတ်သည်။ အစုအဖွဲ့နှင့် ဆက်ဆံခြင်းထက် တစ်ဦးချင်းဖန်တီးရမှု၌ မွေ့လျော်သူများဖြစ်သဖြင့် အဖွဲ့အသင်းကိစ္စမျိုးကို ဆောင်ရွက်သည့်အခါ အားနည်းတတ်သော သဘာဝနှင့်လည်း ကြုံရတတ်သည်။ ထို့ကြောင့် တစ်ဦးကောင်းနှင့် အများကောင်းတို့ကို မျှတအောင် သမပေးရန် လိုအင်ရှိသည်။

စာပေသည် နိုင်ငံနှင့်ပြည်သူတို့၏ အားပေးထောက်ခံမှုကြောင့် ခိုင်မြဲလျက်ရှိသည်။ ကဏ္ဍစုံပွင့်လင်းစွာ အခြေချထားမိလျက်ရှိပြီကို မငြင်းနိုင်ပေ။ ငြင်းကြစို့ဆိုလျှင် စာပေဆု၊ စာမူဆု၊ စာပေထူးချွန်ဆုနှင့် ထွက်နေဆဲစာအုပ်၊ စာနယ်ဇင်းနှင့် အများစု ကလောင်သမားတို့ကို သက်သေထား၍ ညွှန်းရပေမည်။ သို့သော် စာပေသည် ခိုင်မြဲရုံမျှမက အရည်အသွေးတက်မှုကိုလည်း ပြည့်ဝစေသင့်သေးသည်။ ထို့ကြောင့် စာပေတွင် ပင်မရေစီးသန်၍ နိုင်ငံ့အကျိုး၊ ပြည်သူတို့အကျိုးကို ဆောင်နိုင်ရန်အတွက် ရေးသူတို့တိုးပွားပါစေ၊ ထုတ်ဝေသူတို့ အတ္တပရနှစ်ဖြာတွဲ၍ အကျိုးဆောင်နိုင်ပါစေ၊ ဖတ်သူ၊ မှတ်သူ၊ လေ့လာသူတို့ တိုးပွားပါစေဟူ၍ ဆန္ဒပြုအပ်ကြသည်။

ထိုသုံးနယ်တွင် စေတနာနှင့် အမြင်မှန် လမ်းမှန်တို့ ယှဉ်တွဲလျက် အမျိုးသားရေးကို မျက်ခြည်မပြတ် ရှိကြပါစေဟုလည်း ထပ်လောင်းဆန္ဒပြုသင့်ကြပါသည်။ ထိုအခါ နှစ်ပေါင်းရာထောင် ကြာမြင့်လျက် လွန်ခဲ့သည့်နှစ်ပေါင်း၇၀ ကျော်က ဟစ်ကြွေးခဲ့သော ‘မြန်မာစာသည် တို့စာ’ဟူသော ကြွေးကြော်သံကို ခေတ်မီစွာ ပြုပြင်အားဖြည့်လျက် စာပေထက်မြက်ခြင်းဖြင့် နိုင်ငံအတွက် ကျယ်ပြန့်သော မျက်နှာစာကြီး တစ်ခုကို ထောက်ကူနိုင်စေကြောင်း စတုတ္ထအကြိမ် စာပေညီလာခံကို ကြိုဆိုကာ စကားလက်ဆောင်ပါးအပ်ပါသည်။ ။

စတုတ္ထအကြိမ် စာပေညီလာခံကို
ကြိုဆိုဂုဏ်ပြုလျက်-။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့

စတုတ္ထအကြိမ်ညီလာခံ ၂၀၀၆ ခုနှစ်

ဇူလိုင်လ (၁)ရက်မှ (၂)ရက်

ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း

ရန်ကုန်မြို့

မြန်မာ့ရုပ်မြင်သံကြား

၃၀-၆-၂၀၀၆ရက်
(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၈:၁၀ ၇။ အကပြိုင်ပွဲ
- ၈:၂၀ ၈။ ဆက်သွယ်ဆင့်ပွား အိမ်မက်တံတား
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ English for Everyday Use
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
- ၁၇:၃၀ ၇။ **“အားဆေး”** မိုးဒီ၊ ဇော်ထက်အောင်၊ ဆောင်းအိန္ဒြေထွန်း (ဒါရိုက်တာ-စောစန္ဒာလှိုင်)
- ၁၇:၄၀ ၈။ နှောင်းခေတ် တေးပဒေသာ
- ၁၇:၅၀ ၉။ မွန်မြတ်နှလုံးသား မြန်မာအမျိုးသမီးများ (အပိုင်း-၂)
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်လိပ်ပြာလေး တဝဲလည်လည်”** (အပိုင်း-၂)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၈။ မြန်မာရုပ်ရှင် **“အချစ်သည်လေပြည်”** (အပိုင်း-၂) ဒွေး၊ စိုင်းဘိုဘို၊ ဖြိုးငွေစိုး၊ အိန္ဒြာကျော်ဇင်၊ စမိုးလ်၊ နဝရတ် (ဒါရိုက်တာ-ကိုအောင်မင်းသိမ်း)
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံကျင်းပမည်

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံကို ၂၀၀၆ ခုနှစ် ဇူလိုင်၁ရက်နှင့်၂ရက်တွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမတွင်ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းအသီးသီးမှ ညီလာခံကိုယ်စားလှယ်များသည် ကျိုက္ကဆံကွင်းအတွင်းရှိ စီမံခန့်ခွဲရေးကော်မတီရုံးတွင် ကိုယ်စားလှယ်စိစစ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးခင်ဆွေ(ရွှေစွန်ညို)နှင့် စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သိန်းဝင်း(မောင်ခိုင်ခန့်)တို့ထံ ဇွန်၃၀ရက်အရောက် လာရောက်သတင်းပို့ကြရန်နှင့် ဇွန်၃၀ရက် ည၇နာရီတွင် ညီလာခံအကြို ညှိနှိုင်းအစည်းအဝေးကို ပြည်ထောင်စုခန်းမတွင် ကျင်းပမည်ဖြစ်ရာ ညီလာခံကိုယ်စားလှယ်များအနေဖြင့် အချိန်မီ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ထမ်းများ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက် ခြစ်ခြစ်ခြစ်းရိုးကြက်ဆူပင်ကို နိုင်ငံတော်စီမံကိန်းအဖြစ် စိုက်ပျိုး

ရန်ကုန် ဇွန် ၂၉

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၇ ရက်က ပဲခူးမြို့သို့ရောက်ရှိပြီး ပဲခူးမြို့ သီရိဥသာခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများအား တွေ့ဆုံကာ ဝန်ထမ်းများလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ထားပြီး တရားဥပဒေနှင့်အညီ လုပ်ဆောင်သွားရန်၊ ဝန်ထမ်းများ ခြိုးခြံချွေတာစုဆောင်းရေး၊ လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲရေး၊ စက်သုံးဆီ ချွေတာသုံးစွဲရေးနှင့် ခြစ်ခြစ်ခြစ်းရိုးကြက်ဆူပင်သည် နိုင်ငံတော်၏ စီမံကိန်းဖြစ်၍ စိုက်ပျိုးသွားရန်တို့ကို မှာကြားသည်။ **(အောက်ပုံ)**

အကျယ်တဝင့်ရှင်းလင်း

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် နိုင်ငံတော်၏ လက်ရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။ **(သတင်းစဉ်)**

အလုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ကျောင်းသုံးပစ္စည်းများလှူဒါန်း

ရန်ကုန် ဇွန် ၂၉

အလုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းမှ ဆင်းရဲနွမ်းပါးသော ကလေးများအတွက် ကျောင်းသုံးဗလာစာအုပ်၊ ခဲတံနှင့် ကျောင်းသန့်ရှင်းရေးလုပ်ငန်းအတွက် အမှိုက်ပုံး၊ ဂေါ်ပြား၊ တံမြက်စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂၃ရက်က အလုံမြို့နယ်အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း သဇင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်အတွင်းရှိ အဖွဲ့အစည်းများနှင့် ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ပေးအပ်သည့် လှူဒါန်းငွေကျပ် ၂၉၀၀၀၀ တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်၊ ခဲတံများ၊ အမှိုက်ပုံး၊ ဂေါ်ပြား၊ တံမြက်စည်းများကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်းက ပေးအပ်လှူဒါန်းရာ အလက(၃) အလုံ တာဝန်ခံ ကျောင်းအုပ်ဆရာမ ဒေါ်ကျင်စွမ် လက်ခံယူသည်။

(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဝန်ထမ်းသက်သာ ချောင်ချိရေးရန်ပုံငွေမှ ဝန်ထမ်းများ၏ သားသမီးများအား ၂၀၀၆-၂၀၀၇ ခုနှစ် ပညာသင်ကြားထောက်ပံ့ကြေးငွေကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းထွန်း(ကံ့ကော်ရွှေပြည်)က ဝန်ထမ်းသက်သာအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ဦး(ရုံးအဖွဲ့မှူး)ထံ ထောက်ပံ့ငွေပေးအပ်စဉ်။ (က-ပ)

နေနတ်သားစာသင်တိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇွန် ၂၉

၁၃၆၈ ခုနှစ် ဝါတွင်းကာလ ဝါဆိုဝါကပ်တော်မူကြမည့် နာယက၊ စာချ၊ စာသင်သံဃာတော် အရှင်သူမြတ် ၁၀၄ ပါးတို့အား ဝါဆိုသင်္ကန်းများ စုပေါင်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ ခုနှစ် ဝါဆိုလဆန်း ၁၄ ရက် (ဇူလိုင် ၈ ရက်) (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက်၌ ကျင်းပသွားမည်ဟု သိရသည်။ **(က-ပ)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) တိုး၍ မြေကွက်သစ်ဝယ်ယူရန်အတွက် ကွယ်လွန်သူ ဦးတင်မောင်အား ရည်စူး၍ အမှတ် (၁) ဖိုးရာဇာလမ်း ကျောက်ကုန်းနေ အမိ ဒေါ်အုန်း သား ဦးအောင်ကြီး - ဒေါ်ညိုညိုတင်၊ ဦးတင်အုန်း မိသားစုတို့က အလှူတော်ငွေ ကျပ်တစ်သိန်း ခုနစ်သောင်းကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံသို့ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သစ်တောရေးရာဝန်ကြီးဌာန ဝါဆိုသင်္ကန်းကပ်လှူ

နေပြည်တော် ဇွန် ၂၉

သစ်တောရေးရာဝန်ကြီးဌာန ပထမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ပေါက်မြိုင်ဆရာတော်ထံမှ ငါးပါးသီလခံယူပြီး ပရိတ်တရားတော်များ နာကြားကြသည်။ ထို့နောက် ဆရာတော်ကြီးအမှူးပြုသော ပင့်သံဃာငါးပါးတို့အား ဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ကပ်လှူပူဇော်ပြီး အရေဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန် ၂၉ ရက်က ဂျပန်တပ်မတော်နေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ စစ်သံမှူး Colonel Yoshihiko Izaki နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မန္တလေးဗဟိုအမျိုးသမီးဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်း မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၉

ဂျပန်နိုင်ငံ Grassroots Grant Assistance အစီအစဉ်ဖြင့် မန္တလေး ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၉ နာရီက အဆိုပါ ဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ အစီအစဉ်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr. Masashi Ogawa က ဆေးရုံသုံးပစ္စည်းကိရိယာများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီးသို့ အမေရိကန်ဒေါ်လာ ၈၂၄၃၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းကိရိယာများကိုပေးအပ်လှူဒါန်းရာ မန္တလေးဗဟိုအမျိုးသမီး ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဆွေဝင်းက လက်ခံပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များသည် ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ချမ်းအေးသာစံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ လှူဒါန်းသော ကျောင်းသုံးပုံနှိပ်စာအုပ် ၄၁၃၂ အုပ်ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်သောင်းသောင်းဝင်းက မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းထံ ပေးအပ်သည်။

သစ်ပင်စိုက်ပျိုး

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၁၇ ရက် နံနက် ၆ နာရီခွဲတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရေတံခွန်တောင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း၌ ကျင်းပရာ အစီအစဉ်အရ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ပြုံးဝင်းက ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို စိုက်ပျိုးရန် ကြက်ဆူပျိုးပင်များ သတ်မှတ်နေရာ အသီးသီးတွင် ခြစ်ခြစ်ခြစ်းရိုးကြက်ဆူပင်များကို တပျော်တပါး စိုက်ပျိုးကြသည်။

အဆိုပါနေ့က စိုက်ပျိုးသော ခြစ်ခြစ်ခြစ်းရိုး ကြက်ဆူငါးဧကတွင် အပင်ပေါင်း ၆၂၃၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်

မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် မန္တလေးခရိုင် အရန်သားဖွားဆရာမ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းကို သင်တန်းသူ ၂၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ပယ်နယ်တီအကျိုးပေးသည့်နှစ်သင်း ဟမ်းဘတ်မြို့၌ ဆုံကြပြီ အပြာရောင်အီတလီ ကံကောင်းခြင်းလက်ဆောင် ရနိုင်ပါဦးမည်လော

ရန်ကုန် ဇွန် ၂၉

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ အိမ်ရှင်ဂျာမနီ၊ အာဂျင်တီးနား၊ အင်္ဂလန်၊ ပေါ်တူဂီ၊ အီတလီ၊ ယူကရိန်း၊ ဘရာဇီးနှင့် ပြင်သစ်တို့ ကွာတားဖိုင်နယ်ပွဲစဉ်သို့ တက်ရောက်ခဲ့ကြပြီဖြစ်သည်။ ဇူလိုင် ၁ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲတွင် ဟမ်းဘတ်မြို့ရှိ AOL Arena အားကစားကွင်း၌ ကွာတားဖိုင်နယ်ပွဲစဉ် (၂)ဖြစ် အီတလီအသင်းနှင့် ယူကရိန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အကျိုးပေးကောင်း

အီတလီအသင်းနှင့် ယူကရိန်းအသင်းတို့၏ပွဲစဉ်သည် ပယ်နယ်တီအကျိုးပေးကောင်းသည့် နှစ်သင်းဆုံတွေ့ခြင်းဖြစ်ရာ ယခုပွဲစဉ်၌ မည်သည့်အသင်းက ကံကောင်းခြင်းလက်ဆောင် ထပ်မံရရှိမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်အဆင့်၌ အီတလီအသင်းနှင့် ယူကရိန်းအသင်းတို့ဆုံတွေ့လိမ့်မည်ဟု ထင်မှတ်ထားသူ နည်းပေလိမ့်မည်။ အီတလီအသင်းသည် ကမ္ဘာ့ဖလားချန်ပီယံဆု သုံးကြိမ်ဆွတ်ခူးနိုင်ခဲ့ပြီး စီးရီးအေ၏ အရှိန်အဝါကြောင့် နာမည်ကြီးအသင်းတစ်သင်းဖြစ်သည်။ **ကမ္ဘာ့ဖလားစင်မြင့်ထက်သို့ ပထမဆုံး ခြေချလာသော ယူကရိန်းအသင်းနှင့် အီတလီအသင်းတို့ဆုံတွေ့ကြမှုအပေါ် အီတလီအသင်း ပွဲချောင်သည်ဟု ယူဆ၍မရပေ။ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းလာနိုင်ပြီဆိုမှဖြင့် အတိုင်းအတာတစ်ရပ်အထိ ခြေစွမ်းထက်ကြသည်ကို လက်ခံထားရမည်ဖြစ်သည်။**

အီတလီအသင်း

အီတလီအသင်းသည် ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ ဩစတြေးလျအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်လာခြင်းဖြစ်သည်။ ဒုတိယပိုင်း၌ အီတလီအသင်းမှ မာတာရာဇီ အနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံရပြီး ၁၀ဦးတည်းဖြင့် ကစားရသော်လည်း ပွဲပြီးခါနီးရသည့် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် တော့တီကန်သွင်းပြီး အနိုင်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ အီတလီအသင်းသည် ဩစတြေးလျအသင်းကို အနိုင်ရရှိမှုကြောင့် ၂၂ ပွဲဆက်တိုက် အရှုံးမရှိစံချိန်ကို ဆက်ထိန်းနိုင်ခဲ့သည်။ မာတာရာဇီသည် ကမ္ဘာ့ဖလားပွဲ၌ ခုနစ်ယောက်မြောက် အနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံရသည့်အီတလီကစားသမားဖြစ်လာသည်။ အီတလီ တိုက်စစ်မှူး တော့တီသည် တာထွက်အသင်း၌ မပါဝင်ဘဲ လူစားဝင်ကစားရာမှ ဂိုးသွင်းယူနိုင်သော ၂၁ ယောက်မြောက် ကစားသမားအဖြစ် ကမ္ဘာ့ဖလားသမိုင်း၌ မှတ်တမ်းဝင်ခဲ့ပြီဖြစ်သည်။ အီတလီအသင်းကို ပယ်နယ်တီပေးခဲ့ခြင်းနှင့် မာတာရာဇီအား ထုတ်ပယ်ခဲ့သည့် စပိန်ဒိုင်လူကြီး ကန်တာလီယို၏ ဆုံးဖြတ်ချက်သည် အငြင်းပွားစရာဖြစ်ခဲ့ရသည်။

အီတလီအသင်းသည်အုပ်စုပွဲစဉ်၌ အမေရိကန်နှင့် တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲတွင် အလယ်တန်းလူ ဒီရော့စီ အနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံရပြီး ၁၀ဦးတည်းဖြင့် ကစားခဲ့ရသည်။ အလယ်တန်းလူ ဒီရော့စီသည် လေးပွဲပွဲပယ်ခံရသဖြင့် အီတလီအသင်း ဗိုလ်လုပွဲရောက်မှသာ ပါဝင်ကစားခွင့်ရမည်ဖြစ်သည်။ အီတလီ စီးရီးအေမှ ပရီမီယာရှစ်သို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေသော မာတာရာဇီသည် ဩစတြေးလျနှင့်ပွဲတွင် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရရာ စည်းမျဉ်းစည်းကမ်းအရဆိုလျှင် သုံးပွဲပွဲပယ်ခံရမည်ဖြစ်သည်။ သို့သော်လည်း မာတာရာဇီ၏ ဖျက်ထုတ်မှုသည် တစ်ဖက်ကစားသမားအား ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ရည်ရွယ်ချက်ဖြင့် ကြမ်းတမ်းစွာကစားခြင်းလည်း မဟုတ်၍ တစ်ပွဲပယ်ပြစ်ဒဏ်သာ ခံရမည်ဖြစ်သည်။ အီတလီအသင်း အကြိုဗိုလ်လုပွဲတက်ရောက်နိုင်ပါက မာတာရာဇီ ပါဝင်ကစားခွင့်ရမည် ဖြစ်သည်။

မခံချိမခံသာ

အီတလီအသင်းသည် ဩစတြေးလျကို ကံကောင်း၍ အနိုင်ရခဲ့ခြင်းဖြစ်သည်ဟု ဝေဖန်ရေးသားမှုများရှိနေရာ အသင်းခေါင်းဆောင် ကန်နာဗာရိုက မခံချိမခံသာဖြစ်လျက်ရှိသည်။ အသင်းခေါင်းဆောင် ကန်နာဗာရိုက **“ထိုကဲ့သို့ဝေဖန်မှုများကြောင့် မိမိအမှန်တကယ် စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း၊ ပွဲကစားခဲ့သည့် ခြေစွမ်းအရ မိမိတို့ နိုင်ထိုက်သည့်အသင်းဖြစ်ကြောင်း၊ ဩစတြေးလျအသင်းက ဂိုးသွင်းခွင့် တစ်ကြိမ်နှစ်ကြိမ်သာ ရရှိခဲ့ကြောင်း၊ မိမိတို့ သေချာပေါက် ဂိုးသွင်းခွင့် ခြောက်ကြိမ်ခန့် ရရှိခဲ့ကြောင်း၊ မိမိတို့ တစ်ဦးလျော့ဖြင့် ကစားခဲ့ရခြင်းဖြစ်ကြောင်း၊ အမှန်တကယ်ပြောကြေးဆိုလျှင် ဩစတြေးလျအသင်း ကံကောင်းသည်ဟု ဆိုရမှာဖြစ်ကြောင်း၊ ပွဲမကစားမီကတည်းက မိမိတို့အနိုင်ရမည်ကို ယုံကြည်ထားကြောင်း၊ ဩစတြေးလျအသင်း၏ တိုက်စစ်ဆင်ထိုးဖောက်မှုကို ထိန်းချုပ်ကစားရသည်မှာ လွယ်ကူလှကြောင်း”** လေ့ကျင့်ရေးကွင်း၌ သတင်းထောက်များကို ပြောကြားခဲ့သည်။

အီတလီအသင်းက ဩစတြေးလျအသင်းကို အငြင်းပွားဖွယ်ရာ ပယ်နယ်တီတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းနှင့် ပတ်သက်၍ အီတလီနည်းပြ မာဆယ်လိုလစ်ပီလည်း ဝေဖန်မှုမှမလွတ်ခဲ့ပေ။ အီတလီမီဒီယာများက အီတလီအသင်းအနေဖြင့် ဩစတြေးလျကဲ့သို့ မျက်နှာသစ်အသင်းအား ဂိုးအပြတ် အနိုင်ရသင့်သည်ဟု ယူဆထားကြရာ နည်းပြ မာဆယ်လိုလစ်ပီ၏ ကစားသမား ထုတ်ပုံနှင့်ပတ်သက်၍ ဝေဖန်ရေးသားကြခြင်းဖြစ်သည်။ အီတလီအသင်း၏ တာထွက်ကစားသမား စာရင်း၌ တော့တီကိုမသုံးဘဲ ဒယ်ပီယာရိုကို အသုံးပြုခြင်းကို ဝေဖန်ထောက်ပြပြီး နည်းပြ လစ်ပီသည် အီတလီပရိသတ်များ ငိုကြွေးရအောင် လုပ်နေသည်ဟု ရေးသားခဲ့သည်။ ဩစတြေးလျနှင့်ပွဲ ဒုတိယပိုင်းတွင် တိုက်စစ်မှူး လူကာတိုနီနှင့် ဂီလာဒီနိုတို့ကို အီယာကွင်တာ၊ ဘက်နိုဂလီတို့နှင့် လူစားလဲခဲ့ခြင်းကိုလည်း ဝေဖန်ခဲ့ကြသည်။ နည်းပြ လစ်ပီသည် ချက်နှင့်ပွဲတွင် လူစားဝင်ပြီး တစ်ဂိုးသွင်းယူပေးခဲ့သော အင်ဇာဂီကိုလည်း ပွဲအစအဆုံး အရန်ခုံထိုင်ခိုင်းထားခဲ့သည်။ ဩစတြေးလျနှင့်ပွဲတွင် အီတလီတိုက်စစ် အားနည်းခဲ့ပြီး နောက်တန်းနှင့် ဂိုးသမား ဘူဖွန်တို့ အစွမ်းပြနိုင်မှုကြောင့်သာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

အီတလီအသင်းနှင့် ချက်အသင်းပွဲစဉ်တွင် အီတလီအသင်းအတွက် ပထမဂိုးသွင်းယူပြီးနောက် မာတာရာဇီ ဤသို့အောင်ပွဲခံ ပျော်မြူးခဲ့သည်။
(ဓာတ်ပုံ–အင်တာနက်)

ပွဲပယ်ခံထားရ

အီတလီအသင်းသည် အုပ်စုပွဲစဉ်များတွင် ဂါနာကို နှစ်ဂိုး–ဂိုးမရှိ၊ ချက်ကို နှစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ပြီး အမေရိကန်နှင့် တစ်ဂိုးစီ သရေကျခဲ့သည်။ အီတလီအသင်းသည် အုပ်စုပွဲစဉ်မှ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်အထိ လေးပွဲကစားရာတွင် ခြောက်ဂိုးသွင်းယူနိုင်ခဲ့ပြီး တစ်ဂိုးသာ ပြန်ပေးခဲ့ရသည်။ အီတလီအသင်းအတွက် ပီယာလို၊ အီယာကွင်တာ၊ မာတာရာဇီ၊ အင်ဇာဂီနှင့် တော့တီ (ပယ်နယ်တီ) တို့က တစ်ဂိုးစီ သွင်းယူပေးခဲ့ကြသည်။ အီတလီအသင်းမှ ဂိုးသမား ဘူဖွန်၊ ပီယာလိုနှင့် မာတာရာဇီတို့ အကောင်းဆုံးဆု ရရှိထားကြသည်။ အီတလီအသင်းမှ နောက်တန်းလူ မာတာရာဇီ ပွဲပယ်ခံထားရပြီး နက်စတာကလည်း ပေါင်ခြံဒဏ်ရာရထားသဖြင့် ကွာတားဖိုင်နယ်ပွဲကစားရန် မသေချာဘဲဖြစ်နေသည်။ နက်စတာသည် ဩစတြေးလျနှင့်ပွဲတွင် ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ပေ။

အီတလီအသင်း၏ လူထုတ်ပုံနှင့်ပတ်သက်၍ ဝေဖန်မှုများရှိနေသော်လည်း နည်းပြလစ်ပီအနေဖြင့် သူ့အသင်းကစားပုံကို ကျေနပ်လျက်ရှိသည်။ **“ဩစတြေးလျကိုအနိုင်ရရှိပြီးနောက် ဩစတြေးလျအသင်းရဲ့ အမြန်နှုန်း တင်ကစားမှုကို မိမိစိုးရိမ်ခဲ့မိကြောင်း၊ ပထမပိုင်း၌ မိမိတို့ အခွင့်အရေးအချို့ ရရှိခဲ့သော်လည်း ဂိုးမရခဲ့ကြောင်း၊ မိမိ ကစားသမားများ၏ စွမ်းဆောင်မှုနှင့်ပတ်သက်၍ ကျေနပ်မှုရှိပါကြောင်း”** ပြောကြားခဲ့သည်။ အီတလီနည်းပြ လစ်ပီသည် ချက်နှင့် အုပ်စု နောက်ဆုံးပွဲမကစားမီကလည်း အီတလီမီဒီယာများ၏ ဝေဖန်ရေးသားမှုကို ခံခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ ၂၀၀၂ ကမ္ဘာ့ဖလားပွဲစဉ် အီတလီအသင်း ဒုတိယအဆင့် ရှုံးထွက်အဆင့်အထိသာ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ရာ အောင်မြင်မှုဟု ဆိုရမည်ဖြစ်သည်။

ယူကရိန်း

ယူကရိန်းအသင်းသည် ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ ဆွစ်ဇာလန်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်လာခြင်းဖြစ်သည်။ ဆွစ်ဇာလန်အသင်းနှင့် ယူကရိန်းအသင်းတို့ ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ နှင့် အချိန်ပို မိနစ် ၃၀ စုစုပေါင်း ပွဲချိန်မိနစ် ၁၂၀ ယှဉ်ပြိုင်ကစားပြီးသည်အထိ ဂိုးမရှိ သရေပွဲဖြစ်နေ၍ ပယ်နယ်တီငါးလုံးစီ ကန်သွင်းပြီး အဆုံးအဖြတ်ယူခဲ့ခြင်းဖြစ်သည်။ ပယ်နယ်တီ ကန်သွင်းရာတွင် ယူကရိန်းအသင်းက သုံးဂိုးဝင်ပြီး ဆွစ်ဇာလန်အသင်းက တစ်ဂိုးပင်မဝင်၍ ရှုံးနိမ့်သွားခြင်းဖြစ်သည်။ **ဆွစ်ဇာလန်အသင်းသည် ပယ်နယ်တီ တစ်ဂိုးမှ ဝင်အောင်ကန်သွင်းနိုင်ခြင်း မရှိသော အသင်းအဖြစ်မှတ်တမ်းဝင်သွားခဲ့သည်။** ယူကရိန်းအသင်းက ပယ်နယ်တီ စတင်ကန်သွင်းရာ ရှက်ဗ်ချင်ကို ကန်ချက် ဂိုးပေါက်လွဲသွားခဲ့သေးသည်။ ယူကရိန်းအသင်းမှ ဖီလက်ဗ်ကီး၊ ရီဘရော့ဗ်နှင့် ဂူဆင်ဗ်တို့ ဂိုးဝင်အောင်ကန်သွင်းနိုင်ခဲ့ကြသည်။ ယူကရိန်းဂိုးသမား ရှော့ဗ်ကိုစကီးက ဩစတြေးလျအသင်းမှ စထရီလာနှင့် ကာဘာနက်တို့ ပယ်နယ်တီကန်ချက်များကို ကာကွယ်ပေးနိုင်ခဲ့သဖြင့် ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိခဲ့သည်။

ယူကရိန်းအသင်းသည် အုပ်စုပွဲစဉ်၌ ရှုံးပွဲ တစ်ပွဲကြုံခဲ့သော်လည်း ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ရာ ကမ္ဘာ့ဖလားပွဲသမိုင်း၌ အုပ်စုတွင်း တစ်ပွဲရှုံးပြီး ကွာတားဖိုင်နယ် တက်ရောက်နိုင်သည့် တတိယမြောက် အသင်းအဖြစ် မှတ်တမ်းဝင်သွားသည်။ ယူကရိန်းအသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ပယ်နယ်တီ အဆုံးအဖြတ်ကန်သွင်းနေချိန်တွင် ယူကရိန်းနည်းပြ ဘလော့ခင်သည် စိတ်လှုပ်ရှားမှုကြောင့် အဝတ်လဲခန်းအတွင်း၌သာ နေခဲ့ကြောင်း သိရသည်။ ဆွစ်ဇာလန်အသင်းကို အနိုင်ရရှိပြီးနောက် ယူကရိန်းနည်းပြ ဘလော့ခင်က “မိမိအား သတင်းသမားများက ရှက်ဗ်ချင်ကို ပယ်နယ်တီမဝင်ခြင်းနှင့်ပတ်သက်၍ သဘောထား မေးမြန်းခဲ့ကြကြောင်း၊ အမှန်အတိုင်းဝန်ခံရလျှင် ရှက်ဗ်ချင်ကို ပယ်နယ်တီကန်သွင်းမှုကို မိမိ မမြင်လိုက်ရကြောင်း၊ ထိုအချိန်တွင် မိမိ စိတ်လှုပ်ရှားလွန်းပြီး အဝတ်လဲခန်း၌ နေခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ ရှက်ဗ်ချင်ကို ပယ်နယ်တီမဝင်ခြင်းထက် အသင်းအနိုင်ရခြင်းက ပို၍အရေးကြီးပါကြောင်း၊ မိနစ် ၉၀ ကစားခဲ့ပုံမှာ နှစ်သင်းစလုံး ခြေရည်တူလောက်ပဲ ရှိကြောင်း၊ မိမိတို့ ကံပိုကောင်းသည်ဟု ဆိုရမှာဖြစ်ကြောင်း၊ ပယ်နယ်တီ မည်သူ ကန်သွင်းသည်ဆိုတာ အရေးမကြီးကြောင်း၊ အသင်းသားအားလုံး အနိုင်ရရှိအောင် ကြိုးစား ကစားခဲ့ကြောင်း၊ ယနေ့သည် ယူကရိန်းအတွက် အမှတ်ရစရာနေ့တစ်နေ့ ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

ကမ္ဘာကျော်ဘောလုံးသမား

ယူကရိန်းအသင်းကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်သဖြင့် ယူကရိန်း သမ္မတ ဗစ်တာယက်စ်ချင်ကိုက ယူကရိန်းနည်းပြ အိုလက်ဘလော့ခင်အား ချီးကျူးဂုဏ်ပြုကြောင်း တယ်လီဖုန်းဆက်၍ ပြောကြားခဲ့သည်။ **ယူကရိန်းအသင်း၏ အောင်မြင်မှုကို သမ္မတကြီးက ဂုဏ်ယူနေကြောင်း၊ ယူကရိန်းအသင်း ယှဉ်ပြိုင်ကစားမည့် ကွာတားဖိုင်နယ်ပွဲစဉ်ကို သမ္မတကြီးကိုယ်တိုင် ဂျာမနီ သွားရောက်အားပေးဖြစ်လိမ့်မည်ထင်ကြောင်း ယူကရိန်း အစိုးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။** ယူကရိန်းအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ နှစ်ကြိမ်ဆက် ခြေစစ်ပွဲမအောင်မြင်ရာမှ ယခုပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုမှ ခွဲထွက်လာသောနိုင်ငံများထဲမှ ယူကရိန်း ဘောလုံးအသင်းသည် ဘောလုံးအင်အားကြီးနိုင်ငံဖြစ်သည်။ ယူကရိန်းအသင်းမှ တိုက်စစ်မှူး ရှက်ဗ်ချင်ကိုသည် ကမ္ဘာကျော် ဘောလုံးသမားတစ်ဦးဖြစ်ပြီး ကမ္ဘာ့ဖလားပွဲမစမီကပင် အေစီမီလန်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့သည်။ တိုက်စစ်မှူး ရှက်ဗ်ချင်ကိုသည် အီတလီ စီးရီးအေမှ အေစီမီလန်အသင်းတွင် အချိန်အတန်ကြာကစားခဲ့ရာ အီတလီ နောက်တန်းလူများ၏ အထာကို ကောင်းကောင်းသိထားသူဖြစ်သည်။

ယူကရိန်းအသင်းသည် အုပ်စုပွဲစဉ်များတွင် ဆော်ဒီအာရေဗျကို လေးဂိုး–ဂိုးမရှိ၊ တူနီးရှားအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ပြီး စပိန်ကို လေးဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ယူကရိန်းအသင်းသည် အုပ်စုပွဲစဉ်မှ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်အထိလေးပွဲ ကစားရာတွင် ပွဲချိန်ပြင်ပ ပယ်နယ်တီဂိုးများမပါ ငါးဂိုးသွင်းယူခဲ့ပြီး လေးဂိုး ပြန်ပေးခဲ့ရသည်။ ယူကရိန်းအသင်းအတွက် ရှက်ဗ်ချင်ကိုက နှစ်ဂိုး(တစ်ဂိုး ပယ်နယ်တီ)၊ ရီဘရော့ဗ်၊ ရူဆိုးလ်နှင့် ကာလက်ချင်ကိုတို့က တစ်ဂိုးစီသွင်းယူခဲ့ကြသည်။ ယူကရိန်းအသင်းမှ ဂိုးသမား ရှော့ဗ်ကိုစကီး၊ ကာလက်ချင်ကိုနှင့် တီမိုရှက်ဇ်ချူးတို့ အကောင်းဆုံး ဆုရထားကြသည်။ ယူကရိန်းအသင်းသည် တစ်ပွဲနှင့်တစ်ပွဲ ခြေမှန်မရဘဲ မှန်းဆရခက်သည့် ခြေစွမ်းပိုင်ရှင်ဖြစ်သည်ကို ရလဒ်များက ဖော်ပြနေသည်။

ဟောကိန်းထုတ်

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှ နာမည်ကြီး နက္ခတ်ဗေဒပညာရှင်တစ်ဦးဖြစ်သူ ဘီဂျန်ဒါရူဝါလာက ဂျာမနီ၌ကျင်းပနေသည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရေပန်းစားနေသည့် အသင်းကြီးများကို ကျော်ဖြတ်ပြီး ပရိသတ်ထင်မထားသည့် အသင်းတစ်သင်း ဗိုလ်စွဲလိမ့်မည်ဟု ဟောကိန်းထုတ်ထားသည်။ ဂါနာအသင်း ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်မှပင် လက်ပြနှုတ်ဆက်သွားပြီဖြစ်ရာ အဆိုပါ ဟောကိန်းအတိုင်းဆိုလျှင် ယူကရိန်းအသင်း ဗိုလ်စွဲသွားလေမလားဟု တွေးစရာဖြစ်နေသည်။ ၁၉၅၄ ခုနှစ် ကမ္ဘာ့ဖလားပွဲတွင် အနောက်ဂျာမနီအသင်းသည် အုပ်စုပွဲစဉ်၌ ရှုံးပွဲရှိခဲ့သော်လည်း ဗိုလ်စွဲနိုင်ခဲ့သည်။ ကွာတားဖိုင်နယ်သို့ တက်ရောက်လာကြသည့် အသင်းများထဲတွင် ယူကရိန်းအသင်း တစ်သင်းသာလျှင် အုပ်စုပွဲ၌ ရှုံးပွဲရှိခဲ့သည်။ အုပ်စုပွဲစဉ်၌ စပိန်အသင်းက ယူကရိန်းအသင်းကို လေးဂိုးပြတ် အနိုင်ရသွားချိန်တွင် ယူကရိန်းအသင်း ကွာတားဖိုင်နယ် တက်ရောက်နိုင်မည်ဟု ထင်မှတ်သူ ရှိလိမ့်မည်မဟုတ်ပေ။ ယခုပြိုင်ပွဲတွင် ခြေမှန်သော ယူကရိန်းအသင်း မထင်မှတ်သည်များ လုပ်ပြသွားလေမလား စောင့်ကြည့်ရမည်ဖြစ်သည်။

ဗီလိန်ဖြစ်သွားနိုင်

အီတလီအသင်း၏ လက်ရှိ ကမ္ဘာ့အဆင့်(၁၄)၊ ယူကရိန်းအသင်း၏ လက်ရှိ ကမ္ဘာ့အဆင့်(၄၁)ဖြစ်သည်။ အီတလီနှင့် ယူကရိန်းတို့ သုံးကြိမ်ဆုံတွေ့ခဲ့ရာ အီတလီက နှစ်ပွဲနိုင်ပြီး တစ်ပွဲသရေကျခဲ့သည်။ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ချစ်ကြည်ရေးခြေစမ်းပွဲတွင် အီတလီနှင့် ယူကရိန်း ဂိုးမရှိ သရေကျခဲ့သည်။ ယူကရိန်းအသင်းက အသင်းလိုက်မာကျောပြီး နောက်တန်းနှင့် ဂိုးသမား အားကောင်းသည်။ သို့သော် ယူကရိန်း ရှေ့တန်း ဂိုးသွင်းစွမ်းရည်မပြနိုင်သေးဘဲ ဖြစ်နေသည်။ တိုက်စစ်မှူး ရှက်ဗ်ချင်ကို အုပ်စုပွဲစဉ်၌ နှစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဆွစ်ဇာလန်နှင့်ပွဲတွင် ပယ်နယ်တီလွဲခဲ့ရာ အကယ်၍များ ရှုံးခဲ့လျှင် ဗီလိန်ဖြစ်သွားနိုင်သည်။

အီတလီအသင်း၌ ကမ္ဘာ့အကောင်းဆုံး နောက်တန်းလူများနှင့် ဂိုးသမား ဘူဖွန်ပါဝင်နေရာ ယူကရိန်းတိုက်စစ်ကို စိုးရိမ်နေမည်မဟုတ်ပေ။ သို့သော် နက်စတာနှင့် မာတာရာဇီတို့ မပါနိုင်ခြင်းကြောင့် အားနည်းနိုင်သည်။ ယူကရိန်းအသင်းတွင် ပွဲပယ်ခံထားရသော နောက်တန်း အတွင်းလူ ဆီဗီဒါးစကီးနှင့် ရှူးဆိုးလ်တို့ ပြန်လည်ပါဝင်လာမည်ဖြစ်၍ တောင့်တင်းနေသည်။ အီတလီနည်းပြ လစ်ပီ ရှေ့တန်းတိုက်စစ်မှူး ခြောက်ဦးအနက် အသင့်လျော်ဆုံးကို ပွဲထုတ်မိရန် အရေးကြီးသည်။ ပွဲအပြီးတွင် အီတလီအသင်း အနိုင်ရရှိခဲ့ပြီး အပြာရောင်တို့ အောင်ပွဲခံသွားမည်ဟု ထင်ပါကြောင်း ပွဲကြိုအဖြစ် သုံးသပ် ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သုံးသပ်ရေးသားသူ – ကိုဇေထွေး

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား
၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား **၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား** **၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား** **၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား** **၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား**

ကွာတားဖိုင်နယ်ရောက်ရှစ်သင်း၏ ရှုထောင့်မြင်ကွင်းစုံ

စုစည်းတင်ပြသူ **မြင့်မောင်စိုး**

ဘာလင် ဇွန် ၂၉

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားကွာတားဖိုင်နယ်ပွဲစဉ်များကို ဇွန် ၃၀ ရက် (ယနေ့) **တွင် စတင်ကစားမည်ဖြစ်ရာ ယှဉ်ပြိုင်ကြမည့်အသင်းများ၏ အခြေအနေများကို စုစည်းတင်ပြလိုက်ပါသည်။**

သံသယဖြစ်နေ

ဂျာမနီအသင်းသည် မိုက်ကယ်ဘောလက်နှင့် ကလိုဆေးတို့ ဒဏ်ရာရထားသော်လည်း အချိန်မီပြန်ကစားနိုင်လိမ့်မည်ဟု ယုံကြည်ထားသည်။ အာဂျင်တီးနားမှ လူးဝစ်ဂွန်ဇာလက်သည် ဒဏ်ရာမှပြန်ကောင်းလာပြီဖြစ်သည်။ နီကိုလတ်ဗီဒစ်ဆိုမှာ ဒူးဒဏ်ရာကြောင့် သံသယဖြစ်နေသည်။

ဂျာမနီနှင့်အာဂျင်တီးနား

ကစားကွင်း – ဘာလင်မြို့
ကစားမည့်ရက် – ဇွန် ၃၀ရက် ည ၉း၃၀နာရီ

ဆွီဒင်အသင်းဘက်သို့ ဒုတိယမြောက်ဂိုးသွင်းပြီး ကလိုဆေးနှင့်ပိုဒေါစကီးတို့ အောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဂျာမနီနှင့် အာဂျင်တီးနားအသင်းတို့သည် ယခင် (၁၆)ကြိမ် ကစားခဲ့ပြီးဖြစ်ရာ ဂျာမနီက ငါးကြိမ်နိုင်ပြီး၊ အာဂျင်တီးနားက ခုနစ်ကြိမ်နိုင်ထားရာ လေးပွဲမှာသရေပွဲဖြစ်သည်။ ယင်းတို့နှစ်သင်းသည် ၁၉၈၆ခုနှစ်နှင့် ၁၉၉၀ ပြည့်နှစ်တို့ အပါအဝင် ယခင် ကမ္ဘာ့ဖလားဖိုလ်လုပွဲတွင် လေးကြိမ်ဆုံခဲ့ပြီးဖြစ်သည်။ ယမန်နှစ် ကွန်ဖက်ဒရေးရှင်းဖလားတွင် နှစ်ဂိုး–နှစ်ဂိုး သရေကျခဲ့သည်။

ဖိုလ်စွဲနိုင်

ဂျာမနီအသင်းသည် ကမ္ဘာ့ဖလားဖိုလ်လုပွဲသို့ ခုနစ်ကြိမ်တက်နိုင်ခဲ့ရာ တွင် ၁၉၅၄၊ ၁၉၇၄နှင့် ၁၉၉၀ပြည့်နှစ်များတွင် ဖိုလ်စွဲနိုင်ခဲ့သည်။ အာဂျင်တီးနားအသင်းသည် ၁၉၇၈ခုနှစ်နှင့် ၁၉၈၆ခုနှစ်တို့တွင် ဖိုလ်စွဲနိုင်ခဲ့သည်။

အီတလီနှင့်ယူကရိန်း

ကစားကွင်း – ဟမ်းဘတ်
ကစားမည့်ရက် – ဇူလိုင် ၁ ရက် နံနက် ၁း၃၀နာရီ

အီတလီနောက်တန်းလူ နက်စတာ ဒဏ်ရာရထားသဖြင့် လွဲနိုင်သည်။ ယူကရိန်းတိုက်စစ်မှူး ဗိုရိုနင်ပေါင်ဒဏ်ရာရရှိထားသည်။ အီတလီနှင့်ယူကရိန်းတို့သည် ယခင် သုံးပွဲဆုံတွေ့ခဲ့သည်။ အီတလီက ရှုံးပွဲမရှိ နှစ်ပွဲနိုင်ပြီး တစ်ပွဲသရေကျခဲ့သည်။ အီတလီက အဆိုပါ နှစ်ပွဲနိုင်ခဲ့ရာတွင် မိမိမြေပေါ်တွင် ယူကရိန်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ သုံးဂိုး–တစ်ဂိုးဖြင့်လည်းကောင်း နိုင်ခဲ့ဖူးသည်။

အီတလီအသင်းသည် ပြီးခဲ့သည့် ကမ္ဘာ့ဖလားနှစ်ပွဲတွင် အကြိုဖိုလ်လုပွဲအထိ တက်ရောက်နိုင်ခြင်း မရှိခဲ့ပေ။ ၂၀၀၂ခုနှစ်က တောင်ကိုရီးယားအသင်းကိုလည်းကောင်း၊ ၁၉၉၈ခုနှစ်က ပြင်သစ်အသင်းကို ကွာတားဖိုင်နယ်တွင်လည်းကောင်း ရှုံးနိမ့်ခဲ့၍ ကမ္ဘာ့ဖလားမှထွက်ခဲ့ရသည်။ သို့ရာတွင် အီတလီအသင်းသည် ၁၉၃၄၊ ၁၉၃၈ ခုနှစ်နှင့် ၁၉၈၂ တို့တွင် ဖိုလ်စွဲနိုင်ခဲ့သည်။

ယူကရိန်းတိုက်စစ်မှူး ရှက်ဗ်ချင်ကိုသည် အေစီမီလန်ကစားဖော်များဖြစ်သည့် နက်စတာ၊ ဂတ်တူဆို၊ ပီယာလို၊ ဂီလာဒီနိုနှင့် အင်ဇာဂီတို့နှင့် ရင်ဆိုင်ရလိမ့်မည် ဖြစ်သည်။

ဂါနာနှင့်ပွဲတွင် ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒို ဂိုးသွင်းပြီး အောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အင်္ဂလန်နှင့်ပေါ်တူဂီ

ကစားမည့်ကွင်း – ချယ်ဆင်ကာချင်
ကစားမည့်ရက် – ဇူလိုင် ၁ ရက် ည၉း၃၀နာရီ

ဦးဆောင်ကစားမည်

ပေါ်တူဂီအသင်းသည် အင်္ဂလန်နှင့် ကစားရာတွင် ကိုစတင်ညာနှင့် ဒေကိုတို့ နယ်သာလန်နှင့် ကစားရာ၌ အနီကတ်များရထား၍ပါဝင်နိုင်လိမ့်မည်မဟုတ်ပေ။ စီရိုနာဒိုလည်း ပေါင်ဒဏ်ရာမှ ပြန်ကောင်းလာလိမ့်မည်ဟု ယုံကြည်ထားသည်။ ပေါ်တူဂီအသင်းကို ဖီဂိုကဦးဆောင်ကစားလိမ့်မည်ဖြစ်သည်။

အင်္ဂလန်နောက်တန်းလူ ဂယ်ရီနဗီးလ်မှာ ဒဏ်ရာမှပြန်ကောင်းလာပြီး အင်္ဂလန်တွင် ပါဝင်ကစားနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ ၎င်းသည်ပါရာဂွေးနှင့်ပွဲအထိ ပါဝင်နိုင်ခဲ့ခြင်း မရှိသေးပေ။ အင်္ဂလန်နှင့် ပေါ်တူဂီတို့သည် ၂၁ ကြိမ် ဆုံခဲ့ပြီဖြစ်သည်။ ခြုံငုံကြည့်လျှင် အင်္ဂလန်က

ကမ္ဘာ့ဖလား သတင်းဂယက်

သာသည်ဟု ဆိုနိုင်သည်။ အင်္ဂလန်က ကိုးပွဲနိုင်၊ ကိုးပွဲသရေကျပြီး သုံးကြိမ်သာလျှင် အရှုံးရှိခဲ့ဖူးသည်။

အင်္ဂလန်အသင်းသည် ၁၉၆၆ ခုနှစ်က ကမ္ဘာ့ဖလားဖိုလ်စွဲစဉ် အကြိုဖိုလ်လုပွဲတွင် ပေါ်တူဂီအသင်းအား နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ သို့ရာတွင် ယူရို ၂၀၀၄တွင် ပေါ်တူဂီက အင်္ဂလန်ကို ကွာတားဖိုင်နယ်တွင် ပယ်နယ်တီဖြင့် အနိုင်ရခဲ့သည်။

ပေါ်တူဂီအသင်းသည် ကွာတားဖိုင်နယ်သို့ အနှစ် ၄၀ အတွင်း ဒုတိယအကြိမ် တက်ရောက်နိုင်ခြင်းဖြစ်သည်။ ယူရို ၂၀၀၄ဖိုလ်လုပွဲတွင် ဂရိကို တစ်ဂိုး–ဂိုးမရှိဖြင့်ရှုံးခဲ့သည်။ ပေါ်တူဂီနည်းပြ စကိုလာရီသည် ၂၀၀၂ခုနှစ်က ဘရာဇီးအသင်းကို ဖလားယူပေးနိုင်ခဲ့သလိုယူရို ၂၀၀၄ တွင်လည်း ပေါ်တူဂီအသင်းကို ဖိုလ်လုပွဲသို့ အရောက်ပို့နိုင်ခဲ့သူဖြစ်သည်။

ဘရာဇီးနှင့်ပြင်သစ်

ကစားကွင်း – ဖရန့်ဖွတ်
ကစားမည့်ရက် – ဇူလိုင် ၂ရက် နံနက် ၁း၃၀နာရီ

ဘရာဇီးတိုက်စစ်မှူး ရော်ဘင်ဟိုသည် ဒဏ်ရာမှပြန်ကောင်းလာသဖြင့် ပြင်သစ်နှင့်ပွဲတွင် ပါဝင်ကစားနိုင်ဖွယ်ရှိသည်။ သို့ရာတွင် အဓိကကွင်းလယ်ကစားသမားများဖြစ်သည့် အီမာဆင်နှင့်ကာကာတို့ပါဝင်ကစားရန်သံသယဖြစ်နေကြသည်။ ယင်းတို့နှစ်ဦးစလုံး ဒူးဒဏ်ရာရထားသည်။ သို့ရာတွင် နောက်တန်းကစားသမား လူစီယိုမှာ ဂါနာနှင့်ပွဲတွင် အနည်းငယ်ဒဏ်ရာရခဲ့၍ ကစားနိုင်လိမ့်မည်ဟု ဆိုသည်။

ပြင်သစ်နည်းပြ ရေမွန်ဒိုမီနစ်ချ်က စပိန်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့်နိုင်သော်လည်း ကစားကွက် အပြောင်းအလဲ လုပ်လိမ့်မည်ဟု အရိပ်အမြွက် ပြောဆိုထားသည်။

ဘရာဇီးနှင့်ပြင်သစ်အသင်းတို့သည် ၁၂ကြိမ်ဆုံတွေ့ခဲ့ပြီးဖြစ်ရာ ဘရာဇီးက ငါးကြိမ်နိုင်၊ ပြင်သစ်ကသုံးကြိမ်နိုင်ထားခဲ့သည်။ သို့ရာတွင် ယင်းတို့နှစ်သင်းသည် ကမ္ဘာ့ဖလားတွင်သုံးကြိမ်သာ အပြန်အလှန် ဆုံတွေ့ခဲ့သည်။ ဘရာဇီးက ၁၉၅၈ ကမ္ဘာ့ဖလားတွင်သာ ပြင်သစ်ကိုနိုင်ခဲ့သည်။ ထိုစဉ်က ဘရာဇီးက ပြင်သစ်ကို ငါးဂိုး–နှစ်ဂိုးဖြင့် အကြိုဖိုလ်လုပွဲတွင် နိုင်ခဲ့သည်။

၁၉၉၈ခုနှစ် ကမ္ဘာ့ဖလားတွင် ပြင်သစ်က ဘရာဇီးကို ဖိုလ်လုပွဲ၌ သုံးဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး ဖိုလ်စွဲခဲ့သည်။ ၁၉၈၆ ကမ္ဘာ့ဖလားကွာတားဖိုင်နယ်တွင်လည်း ပြင်သစ်က ဘရာဇီးကို ပယ်နယ်တီဖြင့်အနိုင်ရခဲ့သည်။ ။ **(အင်တာနက်)**

ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ရောက်အသင်းများ၏ နောက်ဆုံးသတင်းများ

စုစည်းတင်ဆက်သူ **မောင်မောင်မြင့်ဆွေ**

ဘာလင် ဇွန် ၂၉

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယနေ့စတင် ကစားတော့မည်ဖြစ်ရာ ကွာတားဖိုင်နယ်တက်ရောက်လာသည့် ဘောလုံးအသင်းများနှင့်ပတ်သက်သည့် နောက်ဆုံးသတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

ဂျာမနီအသင်း ယနေ့ပွဲအနိုင်ကစားမည်ဟု ဂျာဂင်ကလင်းစမန်းပြောကြား

ဂျာမနီအသင်း ကမ္ဘာ့ဖလားအရယူရန် စိတ်ပိုင်းဖြတ်ထားပြီဖြစ်ရာ ယနေ့ပွဲ အာဂျင်တီးနားကိုအနိုင်ယူရန် စိတ်ဓာတ်ပြင်းပြလျက်ရှိကြောင်း၊ အာဂျင်တီးနားနောက်တန်းကို မည်သို့ထိုးဖောက် ဂိုးသွင်းရမည်ကို မိမိ ညွှန်ပြထားကြောင်း၊ အာဂျင်တီးနားသည် စည်းလုံးမှုရှိသော အသင်းကောင်းဖြစ်သော်လည်း အားနည်းချက်ကို မိမိသိကြောင်း ကလင်းစမန်းက ပြောကြားသည်။

အာဂျင်တီးနားကို မိုက်ကယ်ဘောလက် အဖွင့်ဂိုးသွင်းယူချင်နေ

ဂျာမနီတိုက်စစ်မှူး မိုက်ကယ်ဘောလက်က ယနေ့ကစားမည့် အာဂျင်တီးနားနှင့်ပွဲတွင် အဖွင့်ဂိုးကိုမိမိသွင်းယူရန် ဆန္ဒပြင်းပြလျက်ရှိရာ အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ပြီးခဲ့သည့်ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်များ၌ မိုက်ကယ်ဘောလက် ခြေစွမ်းပြ ကစားနိုင်ခဲ့သော်လည်း ဂိုးအများဆုံးသွင်းသူများစာရင်းတွင် မပါရှိဘဲရှိနေသည်။

သို့သော် ကလင်းစမန်းက မိုက်ကယ်ဘောလက်သည် ကမ္ဘာ့အဆင့်မီတိုက်စစ်မှူးဖြစ်ကြောင်း ပြောကြားခဲ့သည်။

အာဂျင်တီးနားသည် ကမ္ဘာ့အကောင်းဆုံးအသင်းဖြစ်ကြောင်း နည်းပြ ဟိုဆေးပီကာမန် ပြောကြား

ကမ္ဘာ့အကောင်းဆုံးဘောလုံးအသင်းဖြစ်ကြောင်း ပြသမည်ဟု အာဂျင်တီးနားနည်းပြ ဟိုဆေးပီကာမန်က ပြောကြားလိုက်သည်။ နေရာစုံတွင် အားနည်းချက်မရှိအောင်ပြင်ဆင်ထားကြောင်း၊ မိမိအနေဖြင့် ဂျာမနီတိုက်စစ်မှူးများကို အသိအမှတ်ပြုကြောင်း၊ တိုက်စစ်အားကောင်းပြီး ခံစစ်လည်း ကောင်းမွန်ကြောင်း ဟိုဆေးပီကာမန်က ပြောကြားသည်။

ကွာတားအဆင့်၌ ဂျာမနီနှင့်ဆုံတွေ့ရခြင်းသည် ပွဲကျပ်တစ်ခုအဖြစ် သတ်မှတ်ရမည်ဟုဖြစ်ကြောင်း၊ ဂျာမနီကိုခက်ခဲစွာကစားရမည်ဟု မိမိနားလည်ထားကြောင်း၊ သို့သော် အာဂျင်တီးနားအသင်းသည် အားနည်းချက်မရှိသော အသင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။



ဘရာဇီး ကွင်းလယ် ကစားသမား ကာကာ။ (ဓာတ်ပုံ–အင်တာနက်)

အကောင်းဆုံးလူများကိုသာ ရွေးချယ်ကစားမည်

အင်္ဂလန်နှင့်ကွာတားဖိုင်နယ်တွင်ကစားမည့် ပေါ်တူဂီအသင်းကို ရင်ဆိုင်ရာတွင် အင်္ဂလန်အသင်းအနေဖြင့် အကောင်းဆုံးလူများဖြင့်သာ ပွဲထုတ်ကစားသွားမည်ဖြစ်ကြောင်း နည်းပြအဲရစ်ဆင်က ပြောကြားလိုက်သည်။ မိမိ ရွေးချယ်ထားသည့် ကစားသမားများကို မိမိယုံကြည်ကြောင်း၊ ပေါ်တူဂီနည်းပြ စကိုလာရီ၏နည်းဗျူဟာကို မိမိစိတ်မဝင်စားကြောင်းလည်း ၎င်းက ပြောကြားသည်။

ဂယ်ရီနဗီးလ် ပေါ်တူဂီနှင့်ပွဲတွင် ပြန်ကစားမည်

ခြေသလုံးကြွက်သားဒဏ်ရာရနေသော အင်္ဂလန်နောက်ခံလူ အသက် ၃၁နှစ်အရွယ်ရှိ ဂယ်ရီနဗီးလ်သည် ပေါ်တူဂီနှင့်ကစားမည့် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပြန်လည်ပါဝင် ကစားနိုင်မည်ဖြစ်ကြောင်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ပြောကြားလိုက်သည်။ နဗီးလ်သည် ယခုအခါ အသင်းနှင့် လေ့ကျင့်ရေးများပြုလုပ်နေပြီဖြစ်ပြီး ကွာတားဖိုင်နယ်ပွဲစဉ်၌ ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း၊ ၎င်း၏ ခြေသလုံးကြွက်သား ဒဏ်ရာမှာ သက်သာသွားပြီဖြစ်ကြောင်းလည်း ၎င်းက ပြောကြားလိုက်သည်။

အင်္ဂလန်ဒိုင်လူကြီး ဂရေဟမ်ပူးလ် အိမ်ပြန်ရပြီ

အင်္ဂလန်ကွင်းလယ်ဒိုင်လူကြီး ဂရေဟမ်ပူးလ်သည် ဩစတြေးလျနှင့် ခရိုအေးရှားတွင် အဝါကတ်များ မှားယွင်းစွာပြခဲ့မှုကြောင့် ဖီဖာက လက်ရှိကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဒိုင်လူကြီးအဖြစ်မှ ရပ်စဲကာ အိမ်ပြန်ပို့လိုက်ပြီဖြစ်သည်။

ခရိုအေးရှားနောက်ခံလူ ဂျိုဇစ်ဆီမြူနစ်အား အဝါကတ်သုံးကြိမ်မှားယွင်းစွာပြခဲ့သဖြင့် ဒိုင်လူကြီးနှင့်ထိုက်တန်သော အရည်အချင်းမရှိဟုဆိုကာ ဖီဖာက အိမ်ပြန်ပို့ခဲ့ခြင်းဖြစ်သည်။

ရုရှားဒိုင်လူကြီး အိုင်ဗင်နော့လည်း အိမ်ပြန်ရမည်

ပေါ်တူဂီနှင့်ဟော်လန်ပွဲတွင် အဝါကတ်နှင့် အနီကတ်ပြမှု စံချိန်တင်လောက်အောင်သုံးခဲ့သော ရုရှားဒိုင်လူကြီးဗာလန်တင်အိုင်ဗင်နော့လည်း အိမ်ပြန်ရတော့မည်ဖြစ်သည်။

ပေါ်တူဂီနှင့်ဟော်လန်ပွဲတွင် အဝါကတ် ၁၆ခု၊ အနီကတ်လေးခုအသုံးပြုခဲ့သဖြင့် ကမ္ဘာ့ဖလားသမိုင်းတွင် အဝါ အနီ အများဆုံးအသုံးပြုခဲ့သော ဒိုင်လူကြီးအဖြစ် မှတ်တမ်းတင်ခဲ့ပြီဖြစ်ပြီး ဘောလုံးပွဲကိုထိခိုက်စေအောင် ပြစ်ဒဏ်ပေးမှုအတွက် ဖီဖာက ရုရှားဒိုင်လူကြီးအား အိမ်ပြန်ပို့ရန် စီစဉ်နေပြီဖြစ်သည်။

- **ရော်နယ်ဒင်ဟိုသည် မာရာဒိုနာထက် ပိုတော်ကြောင်း၊ ကမ္ဘာ့ကျော်ဘောလုံးသမားကြီး ပီလီပြောကြား။**
- **ကမ္ဘာ့ဖလားအရယူရေးသည် အိပ်မက်မဟုတ်ကြောင်း ဘရာဇီးကွင်းလယ်ကစားသမား ကာကာ ပြောကြား။**
- **ရော်ဘင်ဆင်၊ ကာရေဂါနှင့် ဂျွန်တယ်ရီတို့ နောက်ထပ်အဝါကတ်အထိခံရမည်ကို စိုးရိမ်မည်မဟုတ်ဟု ပြောကြား။**

(ကိုးကား–အင်တာနက်)

အိမ်ပြန်ရသည့် ဂရေဟမ်ပူးလ်



အင်္ဂလန် ကွင်းလယ် ဒိုင်လူကြီး ဂရေဟမ်ပူးလ်။ (ဓာတ်ပုံ–အင်တာနက်)

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ဌာနာလမ်း၊ အမှတ် ၉၃ နေ
ဦးကြည်လှိုင်(ဒု/ညွှန်မှူး-ငြိမ်း၊ မော်ကွန်းရုပ်ရှင်)-
ဒေါ်သန်းသန်းဝင်း(လ/ထ အထွေထွေမန်နေဂျာ-ငြိမ်း၊ ကုန်သွယ်/လယ်ယာ)တို့၏သား

မောင်သက်ခိုင်လင်း (Electrician)
AGTI (E.P), B.Sc (Zool)
Jaya Marine Line (Singapore)

နှင့်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ပန်းပင်ကြီးလမ်း၊ အမှတ် ၁၆/ခ နေ
ဦးသက်နိုင်-ဒေါ်မြကြင်တို့၏သမီး

မကြူကြူနိုင် B.Sc (Zool)
Myanmar Yes Co.,Ltd.

တို့၏ ၂၅-၆-၂၀၀၆ရက်တွင် M-3 Food Center၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲ၌ မေတ္တာဖြင့် မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော ဦးမြင့်သိန်းဖေ(ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း)-ဒေါ်ခင်ချိုဝင်း(လ/ထ မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ-၂)နှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဦးမြင့်စိုး(ခ)ဦးစူဝမ်း(ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)-ဒေါ်မြမြစန်း(ဒါရိုက်တာ၊ မားသားဟုမ်းကုမ္ပဏီလီမိတက်)တို့အားလည်းကောင်း၊ သတို့သားအရံ ဒေါက်တာသူရိန်ဝင်း၊ သတို့သမီးအရံ ဒေါက်တာမေဇင်စိုး၊ ပန်းကြဲပေးသော ဒေါက်တာမေသက်လွင်၊ အောင်မင်္ဂလာပန်းနှင့် လက်စွပ်ဗန်းများကိုင်ဆောင်ပေးသည့် မစုမွန်နိုင်၊ မနှင်းဝင့်ရည်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင် စိုးစန္ဒာထွန်း၊ ဗီဒီယိုဓာတ်ပုံမှတ်တမ်းတင်ပေးသော ရွှေအင်းသားခင်မောင်ဝင်းနှင့်အဖွဲ့၊ မိတ်ကပ်အလှဖန်တီးရှင် ခင်စန်းဝင်း၊ အခမ်းအနားမှူး ဒေါ်ခင်မိုးဥနှင့် မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာလက်ဆောင်များပေးပို့ကြသူများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှပိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သက်ခိုင်လင်း-မကြူကြူနိုင်။

ချမ်းမြေ့မြိုင်ရိပ်သာကျောင်း ဝါဆိုသင်္ကန်းလှူဒါန်းပွဲ

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ချမ်းမြေ့မြိုင်ရိပ်သာကျောင်း (၉)ကြိမ်မြောက် စုပေါင်း ဝါဆိုသင်္ကန်းလှူဒါန်းပွဲကို(၁၃၆၈ခုနှစ် ဝါဆိုလဆန်း ၈ရက်) ၂-၇-၂၀၀၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဝါဆိုသင်္ကန်းများကို ကိုယ်တိုင်ကိုယ်ကျ လာရောက်လှူဒါန်းနိုင်ရန်အတွက် နံနက် ၇နာရီမှ ၉နာရီအထိ စီစဉ်ပြုလုပ်ထားပါသည်။

ချမ်းမြေ့မြိုင်ဝေယျာဝစ္စအဖွဲ့။

ကျေးဇူး ဆပ်ပါမည်

ကျွန်တော်၏ ၈က/၃၁၇၄ ကား၏အခွန်ပုံစံ ပျောက်သွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဆက်သွယ်ရန် ၀၉-၅၀-၁၇၆၂၁။

☎ 240866, 372290
☎ 547295

ယုဇနဂါးဒင်း

ဆက်သွယ်ရန်နှင့် စုံစမ်းရန်

KMD Computer Centre (လှည်းတန်း) သင်တန်းအသစ်များဖွင့်လှစ်နေပါပြီ
:: I-Office :: Graphics Design :: Desktop Publishing :: Email & Web Design :: Practical A+ :: Basic Software Engineering :: Advanced Software Engineering :: LCCI Computerised Accounting

School for Future Giants

Yes!! Speaking Listening 3, 4, 8 July
Grammar, Phonetics
Pre-inter, Intermediate

ဦးအောင်နိုင်
LCCI Level 1+2
Sec (E), SUN, TUE, WED
5 - 7 : PM July (9), SUN စမည်။
☎ : 721143 📱 : 09-51-51024

ပြိုင်မြင်း ထုတ်လုပ်မှုကုမ္ပဏီလီမိတက်
RACEHORSE
သင်၏နေ့စဉ်ဝင်ငွေတိုးရန် အခွင့်အလမ်းကောင်းတစ်ရပ်
RH - 125
RH - 100
◈ လိုင်စင် "ဟ" နံပါတ်ရရှိထားခြင်း
◈ ဈေးနှုန်းသင့်တင့်မျှတခြင်းနှင့် ဆီစားနှုန်းသက်သာခြင်း (တစ်ဂါလန်မိုင် ၆၀)

ကျုပ်သိန်း၅၀တန် အခြေခံပညာမူလတန်းလွန်ကျောင်းဆောင်သစ် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

ရန်ကုန် ဇွန် ၂၉

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာအုပ်စု ဝါးကာမနိရွာရှိ ကျပ်သိန်း ၅၀တန် အခြေခံပညာမူလတန်းလွန်ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၂၄ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းဆောင်သစ် အလှူရှင် ဆရာတော် ဦးသုမန (ဖိုလ်ဝင်တောင်)၊ ဆရာတော် ဦးဇောတိကာဘိဝံသ(မန္တလေး)၊ဆရာတော် ဦးပညာသာမိ(ပုပ္ပား)တို့၏ကိုယ်စား ဒိုက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်က မြို့နယ်ပညာရေးမှူး ဒေါ်မာဂရက်ကြူ ထံ ကျောင်းဆောင်သစ်နှင့်သက်ဆိုင်သည့်စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

လက်ခံယူ

မရမ်းကုန်းမြို့နယ် အမှတ်၁၅ နဝဒေးလမ်းနေ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်(ငြိမ်း) ဇနီး ဒေါ်ခင်လှတင်နှင့် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံယူစဉ်။

(က-ပ)

အင်တာနက်အကြောင်း ဟောပြောမည်

ရန်ကုန် ဇွန် ၂၉

IT ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း(MCPA)က ကြီးမှူး၍ "လူတိုင်းအတွက် အင်တာနက်" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို လှိုင်မြို့နယ် Myanmar Info-Tech ရှိ Conference Hall၌ ဇူလိုင်၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နားထောင် ဆွေးနွေးနိုင်ကြောင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဇ္ဈိမဒေသ ဝါဆိုသင်္ကန်းများ လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၂၉

အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်း ၁၁ကျောင်းနှင့် တက္ကသိုလ်ရှစ်ခုတို့၌ ဝါဆိုတော်မူကြသော မြန်မာရဟန်းတော် ၂၃၈ပါးနှင့် အာသံ-တြိပူရ-မဏိပူရဒေသများရှိ သံဃာတော်အပါး ၃၀၀တို့အတွက် မဇ္ဈိမဒေသ(၂၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ ဖုန်း-၀၁-၅၄၅၂၁၅၊ ၀၁-၅၄၅၂၁၆၊ ၀၁-၅၅၅၁၇၃၊ ၀၁-၇၂၇၇၄၆၊ ၀၁-၅၃၆၃၄၀နှင့် ၀၁-၅၄၂၂၃၆တို့သို့ ဇူလိုင် ၂၇ရက် နောက်ဆုံးထားလှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသမီးရေးရာသိကောင်းစရာများ ဆွေးနွေး စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများလှူဒါန်း

တောင်ငူ ဇွန် ၂၃

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူးလျက် အဖွဲ့ဝင်အဆိုပြုလွှာပေးအပ်ပွဲ၊ တောင်ငူခရိုင်အတွင်းရှိ ကျောင်းများအတွက် စာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၁၉ ရက်က တောင်ငူမြို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စဝ်နွန်းခွန်ဆမ်က အမှာစကားပြောကြားပြီး အဆိုပြုလွှာနှင့် စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းသည်။**(ဝဲပုံ)**

ဆွေးနွေး

အခမ်းအနားတွင် တိုင်းအမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်နှင့် ရေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေအောင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ စည်းရုံးရေးဌာနမှူး ဒေါ်အေးအေးမင်းက အမျိုးသမီးရေးရာသိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ တိုင်းအတွင်းရှိ တပ်ရင်းတပ်ဖွဲ့နှင့်တိုင်း၊ ခရိုင်၊ မြို့နယ်များမှအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပညာရေးဌာနမှဆရာမများနှင့် ကျောင်းသူကျောင်းသားများ တက်ရောက်ကြသည်။ **(၁၀၃)**

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းဥယျာဉ်လုပရေးအတွက် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်း လုပ်ငန်းကို ဇွန် ၇ ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ် စည်ပင်)

မူလတန်းကျောင်းမှ မူလတန်းလွန်ကျောင်းအဖြစ်တိုးမြှင့်ဖွင့်

ကျောင်းကုန်း ဇွန် ၂၁

အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းလွန်ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇွန် ၁၇ ရက် နံနက် ၁၁ နာရီက ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကျောင်းကုန်း မြို့နယ်ရုံးပင်ကျေးရွာအုပ်စု လှအောင်ချောင်ကျေးရွာ အဆိုပါကျောင်းတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် မြို့နယ်ပညာရေးမှူးဦးတင့်ဆွေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးတင့်ဆွေတို့က အမှာစကားပြောကြားကြသည်။

လက်ခံရယူ

ထို့နောက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဆွေဇင်ဝင်းက ဗလာစာအုပ်ဒါဇင် ၃၀ လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်ကလည်းကောင်း၊ အလှူရှင်ဦးကျော်မြိုင်က ဖတ်စာစာအုပ်အစုံ ၁၆စုံ၊ ဗလာစာအုပ် ၁၆ ဒါဇင်၊ ဘောပင် ၁၆ ချောင်းတို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်အုန်းကလည်းကောင်း၊ ဒေါ်ကြီး ကျောင်းမိသားစုက ဗလာစာအုပ် ၁၆ ဒါဇင်ကိုလည်းကောင်း လှူဒါန်းရာ ကျောင်း အကျိုးတော်ဆောင်ဥက္ကဋ္ဌဦးကျော်သန်းက လက်ခံရယူသည်။
(၂၆၅)

ပဲခူးတိုင်း(အနောက်ပိုင်း)မင်းလှမြို့ အဝင်လမ်းမကြီး တစ်လျှောက် လမ်းဘေးဝဲယာ ပန်းအလှပင်များ စိုက်ပျိုးခြင်းကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇွန် ၁၀ ရက်က စုပေါင်း ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးမြင့် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ် စည်ပင်)

မိခင်/ကလေးအသင်း ပညာသင်ထောက်ပံ့ကြေးပေးအပ်

တောင်ကြီး ဇွန် ၂၀

တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒသမအကြိမ် ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၇ ရက်က ရပ်ကွက်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရေအေးကွင်းရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းဆန်းနှင့် ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မြိုင်တို့က အမှာစကားပြောကြားကြပြီး ၂၀၀၆-၂၀၀၇ ခု ပညာ သင်နှစ်အတွင်း အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်၊ ကောလိပ်ကျောင်းသား ကျောင်းသူ ၆၅ ဦးတို့အတွက် ပညာသင် ထောက်ပံ့ကြေး ငွေကျပ် ၆၆၈၀၀၀ ကို ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မြိုင်နှင့် တာဝန်ရှိသူများက ပေးအပ်ကြကြောင်း သိရသည်။**(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ပန်းပင်များပျိုးထောင်

ပန်နန်းဒင် ဇွန် ၁၂

ကချင်ပြည်နယ် ပန်နန်းဒင်မြို့တွင် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ဇွန် ၇ ရက်က တာဝန်ခံနှင့် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများသည် ပျိုးပင်များ ပေါင်းသင်ရှင်းလင်းခြင်း၊ ဒေသထွက်ပန်းပင်များ ပျိုးထောင်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။
(ပြည်နယ် စည်ပင်)

ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

မြစ်ကြီးနား ဇွန် ၃

မြစ်ကြီးနားမြို့ သန့်ရှင်းသပ်ရပ်လှပ၍ ကျန်းမာရေးနှင့် ညီညွတ်သောမြို့ဖြစ်စေရန်နှင့် သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်သား ငါးများရောင်း ချသောဈေးဖြစ်စေရန် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ မေ ၂၅ ရက်က မြို့မဈေးတွင် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အမှိုက်၊ နုန်းမြေများ ဖယ်ထုတ်ရှင်းလင်းမှုကို ဦးစီးအရာရှိ ဦးခင်အောင်နီ၊ ဒုတိယဦးစီးမှူး(ဈေး)နှင့် ဝန်ထမ်းများ၊ ဈေးမိ ဈေးဖများ၊ ဈေးဆိုင်ခန်းရှင်များနှင့် ဈေးအရန်မီးသတ် တပ်ဖွဲ့ဝင်များက စုပေါင်းဆောင်ရွက်ကြကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ပျော်ဘွယ် ဇွန် ၆

ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး အောင်ကြည်ရှိန်၊ ပျော်ဘွယ်မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်စိုး၊ မြို့နယ်အတွင်းရေးမှူး ဦးသိန်းဝင်းနှင့် အဖွဲ့ဝင်များသည် မေ ၃၀ရက် နံနက် ၁၀နာရီက ကျေးရွာအုပ်စုအလိုက် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

တွေ့ဆုံဆွေးနွေး

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် ယင်းတော်၊ ဝါးရင်းတုတ်၊ တမာကုန်း၊ ကုန်းသာအုပ်စုများသို့ ရောက်ရှိကြပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

စိုက်ပျိုးရန်လျာထား

ထို့ပြင် မိုးစပါးဧက ၂၀၀ တိုက်ရိုက်အစေ့ချ စိုက်ပျိုးခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြပြီး မြို့နယ်အတွင်း ၂၀၀၆-၂၀၀၇ခု စိုက်ပျိုးနှစ်၌ မိုးစပါးဧက ၇၀၃၁၈ စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။
(၂၅၀)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က သီးကုန်းကျေးရွာသွား ကျောက်ချော လမ်းခင်းရန် ကျောက်များစုဆောင်းနေမှုကို ဇွန် ၁၅ ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် ဝါဆိုလဆန်း ၇ ရက်
၁-၇-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဇောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉:၃၀ တူယှဉ်သီကြွေး စုံတွဲတေး
(၁) ချစ်အဏ္ဏဝါ
(၂) နှလုံးသား မပေးနဲ့
(၃) ပထမဆုံးနေ့
၁၀:၄၅ အာဆီယံအစီအစဉ်
၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာ ပြန်ကြားလွှာ)
၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း
(၁) ဖွံ့ဖြိုးလှပ အမျိုးသမီးဘဝ (ခေါင်းကြီး)
(၂) အလှတွင် အယဉ်ဆင့် (ဆောင်းပါး)
၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၂:၁၀ နေ့စဉ်သုံး အီဒီယမ် (ဆရာဦးသိန်းလွင်)

ညနေပိုင်း

၁၆:၁၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မလွမ်းဘယ်သူနေပါ့မယ်
(၂) ချစ်ဆိပ်ရည်
(၃) ငယ်ချစ်ဟောင်းနဲ့ စောင်းအိုရှင်
၁၆:၁၅ ထီပေါက်စဉ်
၁၆:၃၀ **၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်**
၁၇:၀၀ အဆို၊ အက၊ အရေး၊ အတီးဆုရ အစီအစဉ် (ကချင်ပြည်နယ်မှ မောင်အောင်ကြည်စိုးနှင့် ရန်ကုန်တိုင်းမှ မောင်ဟိန်းထူးဇော်တို့၏ ခေတ်ဟောင်းကာလပေါ်တေး)
၁၇:၁၅ ခေတ်ဟောင်းတေး
(၁) မောင့်သက်လယ်
(၂) ဒို့ရေတွင်းကလေး
(၃) မြပင်တိုင်
၁၇:၃၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ
၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (အမျိုးသမီးများ ဝမ်းဗိုက်အဆီကျရန် နည်းလမ်းကောင်း) (ခင်မောင်တင်-ဓာတ်ရောင်ခြည်)
၁၈:၄၅ လှပသာယာအိမ်ဂေဟာ (သန့်ရှင်းလင်းလက် အိမ်ခန်းအသွင် ကြွေပြားများနှင့်အလှဆင်)
၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (လသာတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် စိုးပိုင်နှင့် မေရွက်ဝါတို့၏ နွေအလွမ်းတေးစီးရီး)
၂၀:၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့)
၂၀:၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) လကွယ်ညလေးဘဝတိုင်းဝေးပါစေ
(၂) ဖိုးလမင်းကို အောင်သွယ်ခိုင်းမယ်
(၃) တစ်ကမ္ဘာခြားလဲ ချစ်နေမယ်တစ်ယောက်တည်း

ပေါင်းတည်မြို့နယ်၌ စာကြည့်တိုက်ပေါင်း ၂၅၂တိုက် ဖွင့်လှစ်ပြီးစီး အလှူငွေ၊ စာအုပ်မျိုးစုံ၊ အဆောက်အအုံနှင့် မြေနေရာလှူဒါန်း

ပေါင်းတည် ဇွန် ၂၄

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများတွင် ကျေးလက်စာကြည့်တိုက်ပေါင်း ၂၅၂ တိုက်ကို တည်ထောင်ဖွင့်လှစ်ပြီးစီးပြီဖြစ်ရာ အဆိုပါစာကြည့်တိုက်များအတွက် အလှူငွေ၊ စာအုပ်မျိုးစုံ၊ တီဗွီ၊ ရေဒီယို၊ ဘက်ထရီအိုးနှင့် ပရိဘောဂမျိုးစုံ၊ စာကြည့်တိုက်အဆောက်အအုံတစ်ခုနှင့် မြေနေရာလှူဒါန်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၃ရက် မွန်းလွဲ ၁နာရီက ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးက အဖွင့်အမှာစကားပြောကြားပြီး လှူဒါန်းသည့်ပစ္စည်းများကို အလှူရှင်များက တစ်ဦးချင်းပေးအပ်လှူဒါန်းရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းအေး၊ **(ယာပုံ)** ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးမြင့်သိန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ခင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလွင်တို့က လက်ခံရယူကြပြီး အလှူရှင်များကိုယ်စား အုပ်ဖို(၁)ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်သန်းက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ပေါင်းတည်မြို့နယ်အတွင်း၌ မြို့ပေါ်ရပ်ကွက် (၁၂)ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၃၈ အုပ်စုနှင့် ဘိုးဘွားရိပ်သာစာကြည့်တိုက်၊ ဇီးတောဘုန်းတော်ကြီးကျောင်း စာကြည့်တိုက်အပါအဝင် စာကြည့်တိုက်ပေါင်း ၂၅၂တိုက်ကို ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုလှူဒါန်းသည့် လှူဒါန်းငွေစုစုပေါင်း၏တန်ဖိုးမှာ ငွေကျပ် ၂၀၅၂၈၀၀ ဖြစ်သည်။ **(ဝ၆၄)**

အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် အဖွဲ့ပိုင် ကျောင်းတော်ကြီး ဆောက်လုပ် ရန် အ တွက် အလှူရှင် ဦးလှမောင်(ခ) ဦးမောင်ကျော်အေး–ဒေါ်သက်သဲဖြူ မိသားစု ဈေးကြီးလမ်း မောလိပ်ရပ်ကွက် စစ်တွေမြို့က အလှူငွေကျပ် ၁၇၆၂၅၀၀ ကို ဇွန် ၂၀ ရက်က သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်ထံ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

ဆိပ်ဖြူမြို့နယ် ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ စီမံခန့်ခွဲရေး ဆင့်ပွားသင်တန်းဆင်း

ဆိပ်ဖြူ ဇွန် ၆

ဆိပ်ဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အမှုဆောင်များ စီမံခန့်ခွဲရေး(ဆင့်ပွား)သင်တန်းအမှတ်စဉ်(၁/၂၀၀၆)ဆင်းပွဲကို မေ ၃၁ရက် မွန်းလွဲ ၂နာရီက ဆိပ်ဖြူမြို့နယ် အနောက်ကမ်းဖြူကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ခန်းမ၌ကျင်းပသည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်စိုးနှင့် အလုပ်အမှုဆောင်များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဆန်းမောင်နှင့် အဖွဲ့ဝင်များ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းကို မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၄၅ ဦး တက်ရောက်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ခြံစည်းရိုးကြက်ဆူပင်များ မြေချစိုက်ပျိုးမှုကို ဇွန် ၁၀ ရက်က ဆိပ်သာကွန်းထောက်မြို့သစ်အဖွဲ့ပိုင် မြေနေရာတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးကြစဉ်။

(မြို့နယ်စည်ပင်)

ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲ စလင်း၌ကျင်းပ

စလင်း ဇွန် ၅

မကွေးတိုင်း စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ တဲကုန်းစိုက်ကွင်းတွင် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကို မေ ၂၀ရက်က ကျင်းပရာ မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမျိုးတင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန့်ဇင်ထွန်းတို့ တက်ရောက်အားပေး စိုက်ပျိုးပေးကြသည်။ **(ယာပုံ)**

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူးဦးစိုးဝင်းနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျေးရွာပြည်သူများက စုပေါင်းစိုက်ပျိုးကြရာ ခြံစည်းရိုး ကြက်ဆူပင် ၁၀ကေကျော် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရန်ကြီးအောင်ပန်းခြံဝင်းအတွင်းရှိ ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပျိုးထောင်နေမှုကို ဇွန် ၅ရက်က အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦး ကျော် သူ ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကြက်ဆူပင်စုပေါင်းစိုက်ပျိုး

မြစ်ငယ် ဇွန် ၁၀

မန္တလေးတိုင်း အမရပူရမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆၃) ထွန်စက်စခန်းဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် ၁၀ ဧကအား စီမံချက်ဖြင့် တစ်အုပ်တစ်မ စိုက်ပျိုးပွဲကို ဇွန် ၁ ရက် နံနက် ၇ နာရီက မြို့နယ် စက်မှုလယ်ယာဦးစီးအရာရှိ ဦးကျော်စိုးထွေး ကြီးကြပ်ဆောင်ရွက်မှုဖြင့် ကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးကြသည်။

ထိုသို့ စိုက်ပျိုးရာတွင် ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူးဦးသိန်းအောင်၊ မြို့နယ်ဦးစီးအရာရှိ ဦးကျော်စိုးထွေးက ဆောင်ရွက်လုပ်ကိုင်နေသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ခရိုင်ဦးစီးမှူး ဦးသိန်းအောင်က လိုအပ်သည်များကို ပြောကြားသည်။ **(၂၀၉)**

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ် မင်းဘူး(စကု)၌ ချုံနွယ်နှင့် ရေမြောင်းများ ရှင်းလင်း

မင်းဘူး(စကု) ဇွန် ၂၇

မကွေးတိုင်း မင်းဘူး(စကု) မြို့နယ် စကုမြို့ပေါ်တွင် မိုးရာသီ၌ ဖြစ်ပွားလေ့ရှိသော သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါများ ဖြစ်ပွားခြင်းမှ ကင်းဝေးစေရန် မြို့မကျန်းမာရေးဌာန၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့အစည်းများ၊ ပြည်သူများ စုပေါင်း၍ ချုံနွယ်များရှင်းလင်းခြင်း၊ ရေမြောင်းများ တူးဖော်ခြင်း၊ ရွှံ့ဗွက်အိုင်များ မြေဖို့ခြင်းလုပ်ငန်းများကို ဇွန် ၂၄ရက် နံနက် ၇ နာရီက မြို့ပေါ်ရပ်ကွက်ကြီးသုံးခုရှိ ရပ်ကွက် ၁၂ ခုတို့တွင် သန့်ရှင်းရေး ဆောင်ရွက်ပွဲများကို တစ်ပြိုင်တည်းကျင်းပကြသည်။

သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ ကင်းဝေးရေးလုပ်ငန်းများ ဆောင်ရွက်ရာသို့ မြို့မပြည်သူ့ဆေးရုံ တာဝန်ခံဆရာဝန် ဒေါက်တာ ခင်မာစိုး၊ မြို့မဒေသန္တရကျန်းမာရေးဆရာမ ဒေါ်မြင့်ငွေဝင်းနှင့် ကျန်းမာရေး ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ စုပေါင်းပါဝင်ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

(၃၄၈)

စဉ့်ကူးမြို့၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

စဉ့်ကူး ဇွန် ၂၀

စဉ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာတို့သည် ဇွန် ၁၄ရက်နံနက်က မာလဲ–နတ်တောင်ဆည်အနီး စိုက်ပျိုးသည့် ခြံစည်းရိုးကြက်ဆူဧက ၁၀၀ စံပြစိုက်ခင်းတွင် ကြက်ဆူပင် ၁၂၀၀၀ စုပေါင်းစိုက်ပျိုးပွဲသို့ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ စဉ့်ကူးမြို့နယ် ဧက ၁၀၀စံပြကြက်ဆူပင်စိုက်ပျိုးပွဲကို မာလဲကျေးရွာ၊ နတ်တောင်ကျေးရွာနှင့် လက်ပန်လှကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြပြီး စုပေါင်း စိုက်ပျိုးကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

စီးပွားဖြစ်မှိုမျိုးစုံစိုက်ပျိုးရေး ခုနစ်ရက်၊ ရက်တိုသင်တန်း

၁။ သင်တန်းဖွင့်မည့်ရက် (၁၀–၇–၂၀၀၆) မှ (၁၆–၇–၂၀၀၆)ထိ။
၂။ သင်တန်းအချိန် နံနက် ၉း၃၀ နာရီမှ ညနေ ၄ နာရီအထိ။
၃။ သင်တန်းတစ်ကြိမ်လျှင် သင်တန်းသား(၅၀)ဦးသာလက်ခံမည်။
၄။ သင်တန်းကြေး(၁၅၀၀၀)ကျပ်၊ စားသောက်စရိတ် (၅၈၅၀)ကျပ်၊ အဆောင်ကြေး (၇၀၀)ကျပ်။
၅။ အဆောင်နေလိုသူများအတွက် သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့၊ ရပ်ကွက်/ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့၏ ပါတီနိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်တစ်ပါတည်းပါရှိရမည်။
၆။ သင်ကြားပို့ချမည့်ဘာသာရပ်များ
(က) ပြည်တွင်းစားသုံးမှိုအမျိုးမျိုးမွေးမြူစိုက်ပျိုးနည်း၊
(ခ) ပြည်ပသို့တင်ပို့ရောင်းချနိုင်သည့် မှိုများမွေးမြူစိုက်ပျိုးနည်း၊
(ဂ) ဆေးဖက်ဝင် မှိုအမျိုးမျိုး မွေးမြူစိုက်ပျိုး ထုတ်လုပ်နည်းများကို သင်ကြားပို့ချပေးပါမည်။
၇။ ပုဂ္ဂလိက စီးပွားဖြစ် စိုက်ပျိုးအောင်မြင်လျက်ရှိသည့် စိုက်ပျိုးခင်းများသို့လည်း လေ့လာရေး ခရီးစဉ်များ စီစဉ်ပို့ဆောင်ပေးမည် ဖြစ်ပါသည်။

မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
၉မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း–၆၆၃၇၄၂၊ ၆၆၅၀၅၉
လမ်းညွှန်–မင်္ဂလာဒုံကားစီး၍ အေဝမ်းမှတ်တိုင်တွင်ဆင်းပါ။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
ရန်ကုန်တိုင်းတရားရုံး
တွဲဖက်တိုင်းတရားသူကြီး(၁၁)ရုံးတော်
၂၀၀၆ခုနှစ်၊ တရားမကြီးမှုအမှတ်–၃၈၂

အာရှဓနဘဏ်လီမိတက် (တရားရုံးအမိန့်တော်ဖြင့် စာရင်းရှင်းလင်း **နှင့်** ဖျက်သိမ်းဆဲ၏) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးဝင်းသင် (၎င်းအတွက် အထူးကိုယ်စားလှယ်စာရသူ–ဦးသန်းစိန်) အိုလံပစ်တာဝါ(II)၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။	၁။ ဦးကျော်မိုးထွန်း အမှတ် ၉၁၆၊ အေးရိပ်သာ ၇ လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ရန်ကုန်မြို့။
	၂။ ဦးမြင့်ဖော် အမှတ်၂၁၃/၂၁၅၊အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
တရားလို	**တရားပြိုင်များ**

အထက်အမည်ပါသူ အမှုမှ အမှတ်(၁)တရားပြိုင် ဦးကျော်မိုးထွန်း (ယခု နေရပ်လိပ်စာမသိ)နှင့် အမှတ်(၂)တရားပြိုင် ဦးမြင့်ဖော် (ယခုနေရိပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက Credit Card (Gold)ဖြင့် သုံးစွဲထားသောငွေနှင့် ကျသင့်သည့်ဒဏ်ကြေးငွေများရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၆ခုနှစ် ဇူလိုင်လ၁၄ရက် မွန်းမတည့်မီ ၉း၃၀ နာရီအချိန်တွင် အထက် အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၆ခုနှစ် ဇွန်လ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်အောင်
တွဲဖက်တိုင်းတရားသူကြီး(၁၁)
ရန်ကုန်တိုင်းတရားရုံး။

ဆေးဝါးစက်ရုံသစ်စီမံကိန်း(တပ်ကုန်း)အတွက် စက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ဆေးဝါးစက်ရုံသစ်စီမံကိန်း(တပ်ကုန်း)တွင် အသုံးပြုရန်အတွက် လိုအပ်သောစက်နှင့်စက်ပစ္စည်းများ ဝယ်ယူလိုပါသည်။
၂။ တင်ဒါအသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း
အမှတ်(၁)စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း–၀၆၇–၄၀၈၁၄၄။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း အုတ်တွင်းပျော့ဖတ်စက်ရုံ စီမံကိန်းအတွက် **Chemical** ပစ္စည်းများကို ဝယ်ယူမည်ဖြစ်ပါ၍ ချိပ်ပိတ်တင်ဒါပေးသွင်းရန်ဖိတ်ခေါ်ပါသည်။

(1)	**SODIUM HYDROXIDE 95 % PURITY**	**- 550 MT**
(2)	**ANTHRAQUINONE**	**- 2.5 MT**
(3)	**CHLORINE GAS**	**- 38 MT**
(4)	**BLEACHING POWDER 50 % AVAILABLE CHLORINE**	**- 80 MT**

တင်ဒါပိတ်ချိန်/ရက် – (၁၂း၀၀)နာရီ (၂၇–၇–၂၀၀၆) (ကြာသပတေးနေ့)

၂။ တင်ဒါပုံစံစည်းကမ်းများကို တစ်စုံလျှင် ကျပ်၁၀၀၀နှုန်းဖြင့် အောက်ပါဌာနတွင် (၃–၇–၂၀၀၆) ရက်မှစ၍ ရုံးချိန်အတွင်း အသေးစိတ်ဆက်သွယ်မေးမြန်းစုံစမ်း ဝယ်ယူနိုင်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း
ဂုန်လျှော်ဖြန့်ဖြူးရေးနှင့် နိုင်ငံခြားတင်ပို့ရောင်းချရေးဌာန
သီရိမင်္ဂလာလမ်းသွယ်၊
ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၆၆၆၀၅၆၊ ၆၆၆၀၇၅၊ ၆၅၀၄၁၅၊ ၆၆၆၁၄၂။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါစက်ဆီ၊ ချောဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (**Sealed Tender**) များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါအမှတ် – ၀၄/မမ/ပြည်တွင်း/ချောဆီ **(CE)/06-07**
ရက်စွဲ – ၂၉–၆–၂၀၀၆

စဉ်	**ပစ္စည်းအမျိုးအမည်**	**အရေအတွက်**
1	**Lubricants**	**1 Lot**

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၁၃–၇–၂၀၀၆ရက် (ကြာသပတေးနေ့) ၁၂း၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၉–၆–၂၀၀၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ ထောက်ပံ့ဌာန၊
မြန်မာ့မီးရထား ကုန်သည်လမ်းနှင့် ၅၁ လမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၉၁၉၈၂/၂၉၁၉၉၄၊ (၂၀၁၅၅–လိုင်းခွဲ–၆၀၂–၆၁၃)။



နှိုးဆော်လွှာ

ဆေးပဒေသာပင်လှူဒါန်း

အမှတ် ၂၇၊ ၁၈လမ်း၊ လသာမြို့နယ်နေ ဒေါ်မြရှိန်နှင့် သားသမီးတစ်စုက ဒေါ်မြရှိန်၏ (၈၄)နှစ်ပြည့်မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင်ငွေကျပ် နှစ်သိန်းပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က–ပ)

ကျောက်မဲမြို့တွင်း ပင်မရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်း အမှိုက်နှင့် နုန်းများဆယ်ယူမှုကို ဇွန် ၃ ရက်က အမှုဆောင်အရာရှိ ဦးသက်ထွန်း ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

သာပေါင်းမြို့ သီရိရွှေသာဈေး ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်မှုကို ဇွန်၁၃ရက်က အမှုဆောင်အရာရှိ ဦးအောင်သူဝင်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးဝင်းသိန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် **"မြန်မာအမျိုးသမီးများနေ့"** ဂုဏ်ပြုစာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ***စာမျက်နှာ ၇ ကော်လံ ၁*** ❒

အမှာစကားပြောကြား

၂၀၀၆ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစာတမ်းဖတ်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အနောက်ဆရာကြီး၏ ကြိုးကိုင်စီစဉ်မှုဖြင့် ပြည်ပြေးများ၊ အကြမ်းဖက်သောင်းကျန်းသူများ ပြည်တွင်းသို့ ဖောက်ခွဲဖျက်ဆီးရေးနှင့် ဆူပူလှုံ့ဆော်ရေးအဖွဲ့များ စေလွှတ်လျက်ရှိ ပါတီတစ်ခု၏ ဌာနချုပ်သို့လည်း အနောက်နိုင်ငံကြီးမှ သံတမန်များ ဝင်ထွက်ပြီး ညွှန်ကြားချက်ပေးနေ

တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ မပျက်စီး မဆုံးရှုံးစေရေး တားဆီးတိုက်ဖျက်သွားမည်

ရန်ကုန် ဇွန် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ယနေ့အချိန်အခါ၌ တည်ငြိမ်အေးချမ်းသာယာစွာဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းမှန်ပေါ်သို့ တက်လှမ်းရောက်ရှိနေသည်နှင့်အညီ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့သည် စည်းလုံးညီညွတ်မှုစွမ်းအား၊ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားများဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ရှေးရှူဦးတည်ချီတက်လျက်ရှိနေပြီဖြစ်သည်။

သွေးထိုးမြှောက်ပင့်

သို့ရာတွင် နိုင်ငံတော်အာဏာကို ဖြတ်လမ်းမှရယူလိုသော ပြည်ပြေးများ၊ တရားခံပြေးများသည် နိုင်ငံတော်နှင့် ပြည်သူကို ဆန့်ကျင်ကျောခိုင်းပြီး အနောက်အင်အားကြီးနိုင်ငံအချို့၏ လောင်းရိပ်အောက်တွင် သွားရောက်ခိုလှုံလျက်ရှိရာ အနောက်အင်အားကြီးနိုင်ငံအချို့ကလည်း မတရားအသင်း ကြေညာထားခြင်းခံရသူ၊ အကြမ်းဖက်အဖွဲ့အစည်းများအဖွဲ့ဝင်များအဖြစ် ကြေညာထားခြင်းခံရသူ အဆိုပါ ပြည်ပြေး၊ တရားခံပြေးများကို မြန်မာနိုင်ငံအပေါ် နိုင်ငံရေးစစ်ဆင်မှု ပြုလုပ်ရာ၌ အသုံးချရန်အတွက် လက်ခံမွေးမြူ သွေးထိုး မြှောက်ပင့်ပေးလျက်ရှိနေသည်။

အနောက်အင်အားကြီးနိုင်ငံတစ်ခုသည် မြန်မာနိုင်ငံ၌ ၎င်းတို့ ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရတင်ရန်ဟူသည့် ဖုံးကွယ်လှည့်စားထားသော နိုင်ငံရေးရည်ရွယ်ချက်ဖြင့် အဆိုပါ ပြည်ပြေး၊ တရားခံပြေး အကြမ်းဖက်သမားများကို တစ်ဖက်မှ လက်သပ်မွေးမြူ အသုံးချလျက်ရှိသည်။ တစ်ပြိုင်တည်းမှာပင် တစ်ဖက်မှလည်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် စသည်တို့ကို ခုတုံးလုပ်ကာ နိုင်ငံတကာ မျက်နှာစာ၌ မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များ၊ ဖြစ်ရပ်မှန်များကို လွဲမှားစွာ ပုံဖော်ပြီး မဟုတ်မမှန် လုပ်ကြံချက်များဖြင့် ထိုးနှက်လျက် တည်ဆဲအစိုးရ ပြုတ်ကျစေရေး ဖိအားပေးလုပ်ဆောင်လျက်ရှိသည်။

အစီအမံများချမှတ်

ယခုအခါ အဆိုပါ အနောက်အင်အားကြီးနိုင်ငံ၏ စီမံညွှန်ကြားစေလွှတ်ချက်အရ ပြည်ပြေး စိန်ဝင်း၊ တရားခံပြေး မောင်မောင်(ခေါ်) ပြည်သစ်ညွှန့်ဝေ၊ မိုးသီးဇွန်၊ အောင်ဒင်၊ သံခဲ၊ တာမလာဘော၊ စောမွန်တာ၊ ထွန်းအောင်ကျော်၊ သိန်းဝင်းနှင့် အပေါင်းပါတချို့သည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတစ်ခုသို့ စုရုံးရောက်ရှိနေကြောင်း၊ အဆိုပါ မတရားအသင်းဝင်များ၊ အကြမ်းဖက်သမားများသည် ပြည်ပတိုက်ကွက်နှင့် ဟန်ချက်ညီညီ ပြည်တွင်းတိုက်ကွက် ဖော်ဆောင်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံ မဲဆောက်မြို့၌ အစည်းအဝေးများ ပြုလုပ်ပြီး တိုင်းဆူ ပြည်ဖျက် ဆူပူအုံကြွမှု အစီအမံများချမှတ်ကာ ပြည်တွင်းသို့ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ ဆူပူအုံကြွမှု ဖြစ်ပွားအောင် သွေးထိုးလှုံ့ဆော်မည့်အဖွဲ့များကို စေလွှတ်လျက်ရှိကြောင်းသိရသည်။

ထို့အပြင် ၎င်းတို့၏ အစည်းအဝေးတစ်ရပ်ကို **NCGUB, NCUB, FTUB, ABSDF, NLD(LA), NDD**၊ ဗကသ စသည့် အကြမ်းဖက်အဖွဲ့များနှင့် ပူးပေါင်းပြီး လာမည့်ဇူလိုင်လဆန်းတွင် ဆက်လက်ပြုလုပ်သွားရန်ရှိကြောင်း၊ တစ်ဖက်နိုင်ငံ၌ ခိုကပ်နေရသည့် လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့အချို့ထံသို့လည်း သွားရောက်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေကြောင်း၊ နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေးအတွက် နှစ်ဦးနှစ်ဖက် အားထုတ်ကြိုးပမ်းလျက်ရှိသော ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများ ယိုယွင်းပျက်ပြားစေရန် အတွက်လည်း သပ်လျှိုသွေးခွဲလျက်ရှိကြောင်း သတင်းများဆက်လက်ရရှိနေသည်။

ဥဒဟိုဝင်ထွက်သွားလာ

ယင်းသို့ အနောက်အင်အားကြီးနိုင်ငံ၏ နိုင်ငံတကာမျက်နှာစာတိုက်ကွက်၊ အကြမ်းဖက်သမား ပြည်ပြေးများ၏ ပြည်တွင်းဖောက်ခွဲဖျက်ဆီးရေး၊ ဆူပူလှုံ့ဆော်ရေးတိုက်ကွက်များနှင့် အချိန်ကိုက် ဟန်ချက်ညီ လှုပ်ရှားနိုင်ရန်အတွက် ပြည်တွင်းရှိ နိုင်ငံရေးပါတီတစ်ခု၏ ဌာနချုပ်သို့ အဆိုပါ အနောက်အင်အားကြီး နိုင်ငံသံရုံးမှ ***စာမျက်နှာ ၇ ကော်လံ ၄*** ■